ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ စနေနေ့၊ (1-4-2006)(၄၉၁၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအဖြစ် ထပ်မံရွေးချယ် တင်မြှောက်ခြင်းခံရသော မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

(၁-၄-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



မြေလွတ်မြေလပ်များ ရှာဖွေဖော်ထုတ်ပြီး ပြည်ပပို့ကုန်သီးနှံများ ဦးစားပေးစိုက်ပျိုး ဈေးကွက်အကြိုက် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှရန်ကြိုးပမ်း ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများနှင့် ပြည်ပပို့ကုန်စက်မှုကုန်ချောများ တိုးချဲ့မြှင့်တင်

ရန်ကုန် မတ် ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးသို့ တက်ရောက်၍ အသင်းဝင်ကုမ္ပဏီများက ခင်းကျင်းပြသထားသော မြန်မာ့ထွက်ကုန် ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံသို့ မွန်းလွဲ ၂ နာရီတွင်ရောက်ရှိပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အသင်းဝင်ကုမ္ပဏီများက ခင်းကျင်းပြသထားသော ပြည်ပပို့ကုန်အဆင့်ရှိ မြန်မာ့ထွက်ကုန် ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ရန်ကုန်မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ပိုမိုရရှိသုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) (အပေါ်ပုံ)**ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြန်မာအင်ဂျင်နီယာပညာရှင်များနှင့်ပင် အောင်မြင်စွာ အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ရာ အဆိုပါပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဘွဲ့တံဆိပ်များချီးမြှင့်ဂုဏ်ပြုခဲ့သည်။**[ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကို အကောင်အထည်ဖော်ခဲ့သော ပညာရှင်များနှင့်တွေ့ဆုံခြင်း သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)၏ သတင်းဆောင်းပါးကို စာမျက်နှာ(၇)တွင်ဖတ်ရှုပါရန်။] (ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁–၄–၂၀၀၆
(စနေနေ့)

စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းအောင် တစ်မျိုးသားလုံး အားကြိုးမာန်တက် ကြိုးပမ်း စွမ်းဆောင်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်စေရေး၊ တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ကြီးပွားလာစေရေးတို့အတွက် ကြိုးပမ်းလျက်ရှိသည့်ကာလဖြစ်သည်။

မျက်မှောက် နိုင်ငံတကာအခြေအနေများကို ကြည့်လျှင်လည်း ဓနအင်အားနှင့် နည်းပညာစွမ်းအားအသာစီးရနေသည့် နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် ခွဲခြားဆက်ဆံမှုအမျိုးမျိုးဖြင့် ဖန်တီးလုပ်ဆောင်လျက် ရှိနေသည်။ နိုင်ငံတကာတွင် စီးပွားရေးအရ လွှမ်းမိုးခြယ်လှယ်မှုများ တိုးပွားလာမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံအလိုက် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာစေရန် အပြိုင်အဆိုင် အားထုတ်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

စီးပွားရေးကောင်းမွန်ပြီး ဓနအင်အားကြွယ်ဝသည့် နိုင်ငံကြီးအချို့ပင်လျှင် ၎င်းတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေ့တန်းတင်ကာကွယ်စောင့်ရှောက်သည့် အစီအစဉ်များ ချမှတ်ကျင့်သုံးလျက်ရှိသည်။ ၎င်းတို့နိုင်ငံ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်နိုင်ရေး အစီအမံများကို နိုင်ငံတကာ စီးပွားရေးနှင့် ကုန်သွယ်ရေး နယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြရသည်။

ယင်းသို့သော အခြေအနေအချိန်အခါတွင် နိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများကို အခြေခံသည့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစွာ ဖြစ်ထွန်းနေရန် လိုအပ်သည်။ တိုင်းရင်းသားပြည်သူများ၏ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းမှသာ အခြေခံခိုင်မာသည့် အမျိုးသားစီးပွားရေး ဘဝကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ နိုင်ငံတော်အတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် စီးပွားရေး စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ စီမံကိန်းများ ချမှတ်ဖော်ဆောင်ရာတွင် လယ်ယာစိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ ထူထောင်ရေး၊ စက်မှုလုပ်ငန်းတိုးချဲ့မှုနှင့်အတူ လိုက်လျောညီထွေမှုရှိစေရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများတွင် ပြည်တွင်းသုံးစွဲမှုဖူလုံရေးနှင့် ပြည်ပပို့ကုန် တင်ပို့နိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ရေး ရည်မှန်းချက်များပါရှိသည်။

ထို့အပြင် အခြားသောကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကဏ္ဍအလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၀၁–၂၀၀၂ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ် ငါးနှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ ၁၀ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ဖော်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် မျက်မှောက်ခေတ်၌ ပြည်တွင်း၊ ပြည်ပမြေပေါ်မြေအောက် အဖျက်သမားများ၏ နှောင့်ယှက်ဟန့်တားမှုများ ရှိနေသည့်တိုင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းကြိုးပမ်းမှုစွမ်းအားကြောင့် ဆယ်စုနှစ်အတွင်း တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ကြီးပွားစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိချိန်တွင် နိုင်ငံအတွင်း ခိုင်မာသည့် စီးပွားရေး အခြေခံကောင်းများ ပိုမိုတိုးပွားဖြစ်ထွန်းလာစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် တစ်မျိုးသားလုံးက အားကြိုးမာန်တက် ကြိုးပမ်းအားထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နွေရာသီသင်တန်းများဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၂၄ရက်တွင် အင်္ဂပူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပွဲသို့ တက်ရောက်၍ ရွှေထီးတော်ကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ်တစ်ပတ် ပူဇော်သည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မင်္ဂလာပန်းရထားဖြင့် ရွှေထီးတော်ကို စေတီတော်ပေါ်သို့ တင်လှူပူဇော်သည်။

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၂၅ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ၄က်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပွဲ အခမ်းအနားကိုတက်ရောက်ကြည်ညိုသည်။ ရှေးဦးစွာ စိန်ဖူးတော်နှင့် ၄က်မြတ်နားတော်တို့အား ပန်းရထားဖြင့် စေတီတော်ပေါ်သို့ ပင့်ဆောင်ပြီး ဂေါပကအဖွဲ့ဝင်များနှင့်အတူ စေတီတော်၌ တပ်ဆင်ပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် ၁၀၈ပါးတို့က အနေကဇာတင်တော်မူကြပြီး ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် မြို့မ (မြောက်) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နွေရာသီသင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ နွေရာသီ သင်တန်းများမှာ ယဉ်ကျေးမှု သင်တန်း၊ စာရင်းကိုင်သင်တန်း၊ ကြက်ဆူပင် စိုက်ပျိုးနည်းသင်တန်း၊ ဥပဒေသင်တန်း၊ မြန်မာ့သိုင်းသင်တန်း၊ ကွန်ပျူတာသင်တန်း၊ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်း၊ စက်မှုလယ်ယာပစ္စည်းများ ပြုပြင်ခြင်း စသည့် သင်တန်းများ ဖြစ်သည်။ ထို့နောက် ဗဟို အလုပ်အမှုဆောင်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ထောက်ပံ့ရေး ရန်ပုံငွေအတွက် အလှူငွေကျပ် ၂၂ သိန်းကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ဘာရာဇီး သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘာရာဇီး ဖယ်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အဂ္ဂတဲလ်လက်စ် ရီဘိုင်ရိုအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဂ္ဂတဲလ်လက်စ် ရီဘိုင်ရိုသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ဘာရာဇီး သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

သဲဖြူတောရရိပ်သာ ၁၀ ရက်တရားစခန်း

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် ဧပြီ ၉ရက်မှ ၁၇ရက်အထိ တရားစခန်း ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသည့် ယောဂီများသည် ဖုန်း–၆၆၂၈၃၆၊ ၆၆၆၁၆၃ နှင့် ၆၆၇၇၁၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဧပြီ ၉ရက်မွန်းလွဲ ၁နာရီခွဲ အရောက် လာရောက်ကြရန်ဖြစ်သည်။

(က–ပ)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကိုယ့်အားကိုယ်ကိုး လမ်းဖောက်လုပ်ရေး ကွင်းဆင်းကြည့်ရှု

မန္တလေး မတ် ၃၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် မတ် ၁၀ရက် နံနက် ၈နာရီခွဲတွင် မန္တလေး အောင်မြေသာစံမြို့နယ်၊ အကွက်(၂၀၈)၊ သီရိမာလာအနောက်ရပ်ကွက်၊ ချမ်းသာကြီးလမ်းနှင့် အလယ်ဘောင်တံတားကို ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး လမ်းဖောက်လုပ်ရေးအတွက် လမ်းအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ (အပေါ်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် မြို့တော်ဝန်က မန္တလေး မြို့တော်သန့်ရှင်းရမည်၊ မန္တလေးမြို့တော် သာယာလှပရမည်၊ မြို့တော်နေ လူထုစိတ်ချမ်းသာရမည် ဟူသော ဆောင်ပုဒ်နှင့်အညီ မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီက ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မန္တလေးမြို့ လူထုက မန္တလေးမြို့ သာယာလှပရေးအတွက် အကြံပြုချက်များကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဤလမ်းကို ရပ်ကွက်မိဘပြည်သူများက ကိုယ့်အားကိုယ်ကိုး လမ်းခင်းလိုကြောင်း တင်ပြသဖြင့် ကွင်းဆင်းကြည့်ရှု စစ်ဆေးခြင်းဖြစ်ပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီပိုင် စိုက်ပျိုးမွေးမြူခြံ အမှတ်(၁)တွင် မွေးမြူထားသော ဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝက်များတိုးချဲ့မွေးမြူနိုင်ရေးအတွက် အခန်း(၁၅)ခန်း ပါဝင်သော ဝက်ခြံသစ် ဆောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှ တစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် ခြံအမှတ်(၁)အတွင်း ပြုစုပျိုးထောင်ထားရှိသော ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်များ၊ ကိုင်းဆက်ပျိုးပင်များ အခြောက်စနစ်ဖြင့် ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူစေ့များ ရှင်သန်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် မူခင်းကျဆင်းရေး ဟောပြောပွဲကို မတ် ၃၀ ရက်က အမှတ်(၄)ရပ်ကွက်တွင် ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးမြင့် ဆွေးနွေးဟောပြောစဉ်။ (၄၉၃)

သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

ဒေါက်တာတင်ထွန်းဦး

လမ်းလျှောက်ခြင်းသည် ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် သဘာဝအကျ ဆုံး၊ အလွယ်ကူဆုံး၊ အရှင်းဆုံး၊ အကုန်အကျအနည်းဆုံးနှင့် လူတိုင်းလိုလို ဆောင်ရွက်နိုင်ဆုံး အခြေခံအားကစားနည်းတစ်ရပ် ဖြစ်ကြောင်းကို လူအတော်များများသိပြီးဖြစ်ပါလိမ့်မည်။

နေ့စဉ်နှင့်အမျှ နံနက်စောစောအိပ်ရာထ၍ လမ်းလျှောက်နေကြသော သက်ကြီးရွယ်အိုများနှင့် အပြေးလျှောက်နေကြသော လူငယ်လူရွယ် အများအပြားကို တွေ့ဖူးကြပါလိမ့်မည်။ နိုင်ငံအများအပြားတွင် လမ်းလျှောက်ခြင်းနှင့်ကာယလေ့ကျင့်ခန်းယူခြင်းတို့ လွန်စွာခေတ်စားနေကြောင်း ဖတ်ဖူးကြပါလိမ့်မည်။ ဂျပန်နိုင်ငံတွင်လူခြောက်သန်းခန့် ပါဝင်သော လူထုလှုပ်ရှားမှု အမြန်လမ်းလျှောက်ပြိုင်ပွဲများ မကြာခဏ ကျင်းပလေ့ရှိကြောင်း သိကောင်းသိကြပါလိမ့်မည်။

သို့သော် လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးကို သိသော်လည်း အလုပ်မအား၍သော်လည်းကောင်း၊ လမ်းလျှောက်ရမှာ ပျင်း၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် နေ့စဉ်မှန်မှန် လမ်းမလျှောက်ဖြစ်သူ၊ မလျှောက်နိုင်သေးသူများလည်း အများအပြားရှိနေကြပါသည်။

ကိုယ်လက်လှုပ်ရှားခြင်းနှင့် ကျန်းမာခြင်းတို့သည် ‘ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ’သဖွယ်ဆက်စပ်နေကြ၏။ ကျန်းမာသူမှ န်သမျှလှုပ်ရှားသွားလာနိုင်ကြ၏။ ကိုယ်လက်လှုပ်ရှားပြုလုပ်နေ၍လည်း ကျန်းမာနေရ၏။ ကိုယ်လက်လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းတို့သည် ဇရာကို တွန်းလှန်နိုင်ရန် လက်နက်ကောင်း တစ်ရပ်ပင် ဖြစ်ချေသည်။

လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

လမ်းလျှောက်သည့် အလေ့အကျင့်ရှိသူများ၊ အားကစားသမားများသည် အခြားသောသူများထက် ပိုမို၍အမောခံနိုင်လေ့ရှိကြ၏။ သက်လုံကောင်းကြ၏။ ကိုယ်လက် လှုပ်ရှားမှုအလေ့အကျင့်ရှိပြီး သူတို့တွင် အဆုတ်သည်မူလကပင် ခန္ဓာကိုယ်၏လိုအပ်ချက်ကို ပြည့်ပြည့်ဝဝဆောင်ရွက်ပေးနေကျဖြစ်သောကြောင့် အလေ့အကျင့်မရှိသူများထက် အမောခံနိုင်ကြ၏။

လမ်းလျှောက်ခြင်းသည် အဆုတ်တွင်းသို့ လေကို ပြည့်ပြည့်ဝဝရှူသွင်းနိုင်စေသည်။ ဤနည်းဖြင့် အဆုတ်ကိုအားပေးသကဲ့သို့ဖြစ်စေသည်။ ကိုယ်ခံစွမ်းအားကိုလည်း မြင့်တက်စေနိုင်ပါသည်။ လူအများစုသည် နေ့စဉ်နှင့်အမျှ လေကို အဆုတ်ပြည့်သည့်တိုင် ပြည့်ပြည့်ဝဝ အသက်ရှူလေ့ မရှိကြပေ။ ထို့ကြောင့်လည်း ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများတွင် အသက်ကို ပြင်းပြင်းရှူရှိုက်ရသော လေ့ကျင့်ခန်းများပါဝင် စမြဲပင်ဖြစ်လေသည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အနှံ့ သွေးသွားလာလည်ပတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ သွေးတိုးကိုကျစေသည်။ ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှု အရှိန်မြင့်တက်ကောင်းမွန်လာသည်နှင့်အမျှ အဆုတ်အတွင်း၌ အောက်ဆီဂျင် ဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များလဲလှယ်မှု ပိုမိုသွက်လက်မြန်ဆန်လာပြီး ခန္ဓာကိုယ်လုပ်ငန်းအဝဝ ပိုမိုအဆင်ပြေကောင်းမွန်လာလေသည်။ ဦးနှောက်တွင် အောက်ဆီဂျင်ဓာတ်လုံလောက်စွာ ရရှိ၍ စိတ်ရွှင်လန်းကြည်လင်တက်ကြွစေသည်။ ဉာဏ်ရည် ထက်မြက်စေသည်။

နှလုံးရှိ ကြွက်သားများသည်လည်း သွေးလည်ပတ်မှု ပိုမိုမြန်ဆန်လာသည်နှင့်အမျှ ပိုမို၍လှုပ်ရှားရကာ ပိုမိုသန်စွမ်းလာကြသည်။ ပိုမို၍လည်း အလုပ်လုပ်လာနိုင်ကြ၏။ **“နှလုံးသန်မာ လူကျန်းမာ”**ဟူသော ဆောင်ပုဒ်အတိုင်း နှလုံးရောဂါကိုလည်း ကာကွယ်နိုင်ပါသည်။

ခန္ဓာကိုယ်ရှိပိုလျှံနေသော အဆီများကိုလည်း လမ်းလျှောက်ခြင်းဖြင့်စွမ်းအင်အဖြစ် ပြောင်းလဲဖယ်ရှား ပစ်နိုင်သည်။ ထိုပိုလျှံနေသော အဆီများသည် ခန္ဓာကိုယ်ကို အလေးချိန်တိုးစေလျက်နှလုံးကိုလည်း အလုပ်ပိုစေ၏။ ဝလွန်းခြင်းသည် ရောဂါတစ်ရပ်ပင် ဖြစ်ချေသည်။ အမေရိကန်ပြည်ထောင်စု၊ ဟားဘတ် ပြည်သူ့ကျန်းမာရေး သင်တန်းကျောင်းမှ ဒေါက်တာဂျင်းမေယာ၏ တွက်ချက်ဖော်ပြမှုအရ တစ်နေ့လျှင် တစ်မိုင်လမ်းလျှောက်သူသည် ၃၆ ရက် အကြာတွင် ခန္ဓာကိုယ်ထဲက အဆီတစ်ပေါင်ကို ချေဖျက်ပစ်နိုင်ကြောင်းသိရသည်။ လမ်းလျှောက်ခြင်းဖြင့် အဝမလွန်အောင် ထိန်းပေးနိုင်သလို သွေးအတွင်းမှ အဆီကို ကျစေသည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ် ဇီဝကမ္မဖြစ်စဉ်ကို ပိုမိုမြန်ဆန်စေသည်။ ...

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ် ဌ္ဍကြိယာပတ်မျှတပြီး ကြွက်သားအမျိုးမျိုးကို ပိုမိုသန်စွမ်းလာ၍ အလုပ်ပိုမိုလုပ်နိုင်၏။ ခြေသလုံးကြွက်သားများကလည်း ဒုတိယနှလုံးသဖွယ် ညှစ်အားပိုမိုပေးနိုင်သဖြင့် သွေးအသွားအလာကောင်းမွန်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသို့ သွေးသစ်များ အလုံအလောက် ရောက်ရှိစေသည်။ အစာအိမ်ရှိ ကြွက်သားများ ပိုမိုလှုပ်ရှားစေပြီး အစာချေရည် ပိုမိုထွက်ရှိစေခြင်းဖြင့် အစာကို လွယ်ကူစွာကြေညက်စေသည်။ အူသိမ်အူမကြီး တစ်လျှောက် ကြွက်သားများ တက်ကြွစွာ အလုပ်လုပ်နိုင်သဖြင့် ဝမ်းချုပ်ခြင်းလည်း ဖြစ်လေ့ဖြစ်ထ မရှိတော့ချေ။

အကြောအခြင်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်ပါသည်။ အရိုးများကို ကြံ့ခိုင်သန်စွမ်းစေသည်။ ထို့ပြင် ဦးနှောက်နှင့်အာရုံကြောများ၏ လုပ်ငန်းများကိုလည်း ပိုမိုကောင်းမွန်စေ၏။

လမ်းလျှောက်ခြင်းဖြင့် အိပ်ပျော်စားဝင်ခြင်း၊ ခန္ဓာကိုယ် ပေါ့ပါးသွက်လက်ခြင်း၊ စိတ်ကြည်လင်လန်းဆန်းခြင်း၊ စိတ်ဖိစီးမှုလျော့နည်းခြင်း၊ အသားအရေစိုပြည်ခြင်းတို့ကို ရရှိနိုင်ပါသည်။ လှုပ်လှုပ်ရှားရှားနှင့် ဆော့ကစားပြေးလွှားနေသော ကလေးငယ်များသည်လည်း မလှုပ်မရှား ငြိမ်ငြိမ်သက်သက်နေသော ကလေးငယ်များထက် ပိုမိုကြီးထွားဖွံ့ဖြိုးနိုင်ကြောင်း မြင်တွေ့ဖူးကြပါလိမ့်မည်။

ကျန်းမာအသက်ရှည်ရေး လမ်းလျှောက်ပေး

ယခုအခါ သိပ္ပံပညာ၊ စက်မှုပညာတို့ များစွာထွန်းကား တိုးတက်လာသည်နှင့်အမျှ လူသားတို့သည် မိမိကိုယ်တိုင် လုပ်အားထက် စက်ကိုပိုမိုအသုံးချလာကြသည်။ ပိုမို၍ သက်သက်သာသာ အငြိမ်းစားနေထိုင်လာနိုင်ကြသည်။ ဤသို့ဖြင့် ကိုယ်လက်လှုပ်ရှားမှုများ နည်းပါးလာကြ၏။ လမ်းလျှောက်သည့်အကျင့် လျော့နည်းလာရ၏။ သို့ဖြစ်၍လည်း ခန္ဓာကိုယ် ဇီဝကြိယာပတ်မျှတစေရန် နေ့စဉ် ကိုယ်လက်လှုပ်ရှား အားကစားမှုများကို သီးသန့်လေ့ကျင့်ပြုလုပ်ကြရန် လိုအပ်လာပေသည်။

ကိုယ်လက်လှုပ်ရှား အားကစားမှု ပြုလုပ်ရာတွင် မည်သည့်လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်းသာ လုပ်ရမည်ဟူ၍ အတိအကျ သတ်မှတ်ချက်မရှိပါ။ အသက်အရွယ်၊ ကျန်းမာခြင်းနှင့် တစ်ဦးချင်း၏ ကိုယ်ခန္ဓာအခြေအနေ လိုအပ်ချက်အလိုက် သင့်တင့်ဆီလျော်သော အားကစား လေ့ကျင့်ခန်းမျိုးကို နေ့စဉ်မှန်မှန် လေ့ကျင့်ပြုလုပ်နိုင်ရန်သာ လိုအပ်၏။ အထူးသဖြင့် ခန္ဓာကိုယ်ရှိ ဦးခေါင်း၊ ကိုယ်၊ ခြေလက်အားလုံး ပါဝင်လှုပ်ရှား၍ အသက်ပြင်းပြင်းရှူစေနိုင်သော ကိုယ်လက်လှုပ်ရှားမှုမျိုး ပါဝင်ရန် လိုအပ်ပေသည်။

လူကြီး၊ လူငယ်အသက်အရွယ်မရွေး လူတန်းစားမရွေး ကျန်းမာကြံ့ခိုင်စေသော အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှုမှာ လူတို့၏ ပင်ကိုဇီဝသဘာဝအလျောက် နှစ်ပေါင်းများစွာက လုပ်ဆောင်လာခဲ့ကြသည့် လမ်းလျှောက်ခြင်းပင် ဖြစ်လေသည်။

ပျမ်းမျှအားဖြင့် လူတစ်ယောက်တစ်သက်တာ အတွင်း လျှောက်လှမ်းခဲ့ရသည့် ခရီးအကွာအဝေး စုစုပေါင်းမှာ မိုင်ပေါင်း ၆၅၀၀ ခန့်ရှိမည်ဟု ခန့်မှန်းကြပါသည်။ ယခုခေတ်တွင် ကမ္ဘာပေါ်၌ လမ်းလျှောက်ခြင်းမှာ ကျန်းမာကြံ့ခိုင်မှုအတွက်သာမက မကျန်းမာသော ရောဂါဝေဒနာရှင်တို့အတွက် ရောဂါကုထုံးတစ်ရပ်အဖြစ်ပင် သတ်မှတ်အသုံးပြုခံရပေပြီ။

လမ်းလျှောက်စဉ်တွင် အသက်ကို ဝဝရှူရန် လိုအပ်၏။ ပထမဦးစွာ လမ်းလျှောက်ခါစတွင် မိမိ၏ အသက်အရွယ်နှင့် ကျန်းမာခြင်းအရ မိမိလျှောက်နိုင်သလောက် နည်းနည်းလျှောက်ပြီး နောက်ရက်များမှ တဖြည်းဖြည်း အကွာအဝေးကို တိုးမြှင့်၍ လမ်းပိုမိုလျှောက်ပေးရပေမည်။ လမ်းလျှောက်ရမည့် အကွာအဝေးမှာ လူတစ်ဦးချင်း၏ လိုအပ်မှုအလိုက်၊ အသက်အရွယ်အလိုက်ဖြစ်၍ မူသေသတ်မှတ်ချက် မရှိပေ။ သင့်လျော်သော ခရီးအကွာအဝေးကို နေ့စဉ် မှန်မှန် လမ်းလျှောက်ရန်သာလို၏။

ယနေ့ ကမ္ဘာပေါ်တွင် ခေတ်စားနေသော နည်းတစ်မျိုးမှာ အပြေးလျှောက်ခြင်း (Jogging)ပင်ဖြစ်၏။ ဤနည်းမှာ လမ်းလျှောက်ခြင်းကဲ့သို့ အကျိုးပြုသော်လည်း ရောဂါပြင်းထန်သူ (ဥပမာ-နှလုံးရောဂါရှင်အချို့)တို့နှင့် မသင့်လျော်ပေ။

လမ်းလျှောက်နည်းလေးမျိုး

အကြမ်းဖျင်းအားဖြင့် လမ်းလျှောက်နည်းကို လေးမျိုးလေးစား ခွဲခြားထားလေသည်။

(၁) အားလပ်ချိန်တွင် အပျင်းပြေလမ်းလျှောက်ခြင်း

ဤနည်းသည် လမ်းလျှောက်ခြင်း၏ အနေးဆုံးပုံစံဖြစ်၍ များသောအားဖြင့် တကူးတက စီစဉ်ခြင်း မဟုတ်ဘဲ တစ်နာရီလျှင် တစ်မိုင်နှုန်းခန့် အပျင်းပြေ၊ အညောင်းပြေ လမ်းလျှောက်ကြခြင်းဖြစ်၏။ (ဥပမာ- ညနေထမင်းစားပြီး တစ်မိုင်ခန့် လျှောက်ခြင်း၊ အားလပ်ရက်နံနက်ခင်း နှစ်မိုင်ခန့်လျှောက်ခြင်း၊ လမ်းလျှောက်၍ လေ့လာရေးခရီးထွက်ခြင်း) မည်သို့ပင်ဖြစ်စေကာမူ အထိုက်အလျောက်တော့ လူကိုအကျိုးပြုလေသည်။

(၂) ပုံမှန်လမ်းလျှောက်ခြင်း

ဤနည်းသည် စနစ်ကျ၍ ပိုမိုထိရောက်မှုရှိ၏။ များသောအားဖြင့် တစ်နာရီလျှင် သုံးမိုင်နှုန်းခန့် လျှောက်သင့်၏။ ထိုသို့ လျှောက်နိုင်အောင် တဖြည်းဖြည်း လေ့ကျင့်ယူရသည်။ နေ့စဉ် အချိန်မှန်မှန် လျှောက်နိုင်လျှင် ပိုကောင်း၏။ လေကောင်းလေသန့် ကောင်းစွာရရှိနိုင်သော နေရာဒေသဖြစ်နိုင်လျှင် ပိုမိုသင့်လျော်၏။ နေ့စဉ် အနည်းဆုံး နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်သင့်၏။

တကူးတက လမ်းလျှောက်လေ့ကျင့်ခန်းယူရန် အချိန်မရလျှင် အလုပ်ခွင်သို့ လမ်းလျှောက်သွား၍ ရလျှင် လျှောက်သွားခြင်း၊ ခရီးတိုများအတွက် ကားဖြင့်မသွားဘဲ လမ်းလျှောက်သွားခြင်း၊ ဓာတ်လှေကားကို စောင့်မနေဘဲ ရိုးရိုးလှေကားမှ လမ်းလျှောက်၍ တက်ခြင်း၊ လုပ်ငန်းခွင်တွင် ဖုန်းဖြင့် အလွယ်တကူ ပြောမရလျှင်၊ ဖုန်းလိုင်းမအားလျှင် လမ်းလျှောက်၍ သွားပြောခြင်း၊ အားလပ်ချိန်တွင် ခေတ္တခဏ လမ်းလျှောက်ခြင်း စသည်တို့ဖြင့် မိမိတစ်နေ့တာ လမ်းလျှောက်မည်ဟု ခန့်မှန်းထားသော ခရီးအကွာအဝေးပမာဏကို ပြည့်ဝစေနိုင်ပါသည်။

(၃) စနစ်တကျ လမ်းလျှောက်လေ့ကျင့်ခန်းယူခြင်း

ဤနည်းတွင် မိမိအသက်အရွယ်အလိုက် ရောက်ရှိသင့်သည့်၊ ခံနိုင်ရည်ရှိသည့် နှလုံးခုန်နှုန်းပမာဏသို့ ရောက်အောင် အမြန်နှုန်းကို ချိန်ဆ၍ စနစ်တကျ လမ်းလျှောက်ခြင်းဖြစ်၏။ အနည်းဆုံး တစ်နေ့လျှင် ၁၅ မိနစ်မျှ တစ်နာရီသုံးမိုင်နှုန်းဖြင့်စ၍ မိမိ၏ ခံနိုင်ရည်ရှိမှု၊ ကျန်းမာမှုအပေါ်မူတည်၍ အချိန်၊ အမြန်နှုန်းနှင့် ခရီးအကွာအဝေးတို့ကို တိုးမြှင့်ရပေမည်။ ကျဲကျဲလှမ်း၍ သွက်သွက်လျှောက်နိုင်လျှင် ပိုကောင်းပါသည်။

သို့သော် အသက် ၅၀ ကျော်သူ၊ ရောဂါတစ်ခုခုရှိသူ၊ တစ်ချိန်ချိန်က နှလုံးရောဂါပြသနာ ဖြစ်ခဲ့ဖူး သူတို့သည် ယင်းသို့သော လမ်းလျှောက်လေ့ကျင့်ခန်းမစမီ နီးစပ်ရာ ဆရာဝန်နှင့် ပြသတိုင်ပင်ပြီးမှ လုပ်ဆောင် သင့်ပါသည်။

ဤနည်းတွင် စံချိန်ကိုက် လျှောက်ရမည့် နှလုံးခုန်နှုန်းမှာ အသက်အရွယ်အလိုက် အမြင့်ဆုံးခံနိုင်ရည်ရှိသည့် (ထိုထက်ကျော်လွန်လျှင် နှလုံးကို ပြဿနာဖြစ်နိုင်သည့်) နှလုံးခုန်နှုန်းပမာဏ၏ ၇၀ မှ ၈၅ ရာခိုင်နှုန်းအတွင်း ဖြစ်လေသည်။ ယင်းတို့ကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်-

အသက်	ခံနိုင်ရည်အရှိဆုံး နှလုံးခုန်နှုန်း (တစ်မိနစ်လျှင် ခုန်သောအကြိမ်)	စံချိန်ကိုက်လမ်းလျှောက် သင့်သောနှလုံးခုန်နှုန်း (တစ်မိနစ်လျှင် ခုန်သောအကြိမ်)
၂၀	၂၀၀	၁၄၀မှ၁၇၀
၂၅	၁၉၅	၁၃၇မှ၁၆၆
၃၀	၁၉၀	၁၃၃မှ၁၆၂
၃၅	၁၈၅	၁၃၀မှ၁၅၇
၄၀	၁၈၀	၁၂၆မှ၁၅၃
၄၅	၁၇၅	၁၂၃မှ၁၄၉
၅၀	၁၇၀	၁၁၉မှ၁၄၅
၅၅	၁၆၅	၁၁၆မှ၁၄၀
၆၀	၁၆၀	၁၁၂မှ၁၃၆
၆၅	၁၅၅	၁၀၉မှ၁၃၂
၇၀	၁၅၀	၁၀၅မှ၁၂၆

***(အလွယ်တကူ မှတ်ရန်မှာ ခံနိုင်ရည်အရှိဆုံး နှလုံးခုန်နှုန်းမှာ အသက် (၂၀)တွင် တစ်မိနစ် အကြိမ် ၂၀၀ဖြစ်၍ အသက်တစ်နှစ်ကြီးလျှင် တစ်ကြိမ် လျော့နည်းလာမည်။ အသက်သုံးနှစ်ကြီးလျှင် သုံးကြိမ် လျော့လာမည်။ ဥပမာ (၂၇)နှစ်တွင် ၁၈၃ ကြိမ်၊(၅၂) နှစ်တွင် ၁၆၈ ကြိမ် စသည်ဖြင့် ဖြစ်ပါသည်။)**

တစ်နာရီ လေးမိုင်၊ ငါးမိုင်နှုန်းဖြင့် တစ်နာရီခန့် လျှောက်နိုင်ပြီဆိုလျှင် များသောအားဖြင့် လုံလောက်ပါသည်။ လမ်းလျှောက်နှုန်းတိုင်းသော ကိရိယာငယ်၊ နှလုံးခုန်နှုန်း အလိုအလျောက်ပြသော ကိရိယာတို့ ရှိလာ၍ လမ်းလျှောက်စဉ် ယင်းတို့ကို အသုံးပြုနိုင်သော်လည်း လူအများစုအတွက် အလွယ်ကူဆုံးနည်းကိုပင် ညွှန်ပြလိုပါ၏။

ယင်းမှာ စတင်လမ်းလျှောက်၍ ၁၀ မိနစ်ကြာလျှင် ခဏရပ်ပြီး လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကို ၁၅ စက္ကန့်ကြာအောင် တိုင်းပါ။ ပြီးလျှင်(၄)ဖြင့်မြှောက်လျှင် တစ်မိနစ် နှလုံးခုန်နှုန်းကို ရပေမည်။ စံချိန်ကိုက် ခုန်နှုန်း မရောက်သေးလျှင် အမြန်နှုန်းကိုမြှင့်ပြီး ၁၀ မိနစ်ကြာလျှင် တစ်ခါပြန်တိုင်းပါ။ စံချိန်ကိုက်ခုန်နှုန်းထက် မကျော်လွန်ဘဲ ထိုနှုန်းအတွင်း အမြန်နှုန်းထား၍ လျှောက်လျှင် အသင့်လျော်ဆုံးဖြစ်ပါသည်။

(၄) ခရီးဝေးလျှောက်ခြင်း

ဤနည်းသည် နေ့စဉ် လျှောက်စရာမလိုဘဲ မိမိ ခံနိုင်စွမ်းရည် မည်မျှရှိသည်။ မည်မျှကျန်းမာသည်ကို စမ်းသပ်သည့်သဘော တစ်ခါတစ်ရံ လျှောက်ပေးသင့်၏။ တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်မှုရှိလျှင် ကောင်း၏။

အရွယ်သုံးပါးမရွေး ကျန်းမာရေးအတွက် ပုံမှန် လမ်းလျှောက်ခြင်းမှာ လွယ်ကူပြီး အသင့်လျော်ဆုံးပင် ဖြစ်ပါသည်။ စနစ်တကျ လမ်းလျှောက်လေ့ကျင့်ခန်း ယူနည်းအတိုင်း လျှောက်နိုင်လျှင်မူ ပို၍အကျိုးရှိနိုင်ပါသည်။

အမေရိကန် လမ်းလျှောက်အဖွဲ့ကြီး၏ ဖခင်ဟု တင်စားခံခဲ့ရသော “အက်ဒဝပ်ပေးစန်ဝက်စ်တန်”သည် ၁၈၆၁ ခုနှစ်တွင် ဘော်စတန်မြို့မှ ဝါရှင်တန်မြို့တော်အထိ မနားတမ်းလမ်းလျှောက်ခဲ့သည်။ ၁၉၁၃ ခုနှစ် အသက် (၇၄)နှစ်အရွယ်တွင်လည်း နယူးယောက်မြို့မှ မင်နီယာပိုလစ်မြို့အထိ ခရီးရှည်ကို ရက် ၆၀ အတွင်း လျှောက်ခဲ့၏။ အသက်(၉၀)အထိ ကျန်းမာနုပျိုစွာ နေထိုင်နိုင်ခဲ့သော ထိုလမ်းလျှောက်ချန်ပီယံ ဝါသနာအိုးကြီး၏စကားကို တစ်ဆင့် မျှဝေပေးရင်း ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

“ကျွန်တော့်အဖိုးတော့ လမ်းလျှောက်လေ ကျန်းမာလေ၊ အသက်ရှည်လေ ဆိုသလိုပါပဲ၊ ဒီအသက် အရွယ်အထိ အသက်ရှည်ရတာဟာ လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးကြောင့်ပါပဲ”

ကုလသံတမန်ကို ဖယ်ရှားပေးရန် ဝန်ကြီးချုပ် ဟွန်ဆန်က ကိုဖီအာနန်ထံ စာပို့မည်

ဖနောင်ပင် မတ် ၃၀

ကမ္ဘောဒီးယားနိုင်ငံရှိ ကုလသမဂ္ဂကိုယ်စားလှယ် အထူးသံတမန်သည် မိမိကို ဝေဖန်တိုက်ခိုက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကိုလည်း အခြေအမြစ်မရှိ ဖော်ပြခဲ့ကြောင်း၊ သို့ပါ၍ ၎င်းကို ဖယ်ရှားပေးပါရန် ကုလသမဂ္ဂသို့ တင်ပြမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

၎င်းသံတမန်သည် ယက်ရှ်ဂိုင်ဖြစ်ကြောင်း၊ တရားရုံးများ၏ လွတ်လပ်သည့် တရားစီရင်ရေး လုပ်ငန်းခွင်အပေါ်တွင် အခွင့်အာဏာသုံး၍ ချိုးဖောက်သည်ဟု ၎င်းက မိမိကို စွပ်စွဲထားကြောင်း၊ ယင်းစွပ်စွဲချက်သည် မှားယွင်းကြောင်း၊ မိမိကို မည်သည့်ကိစ္စတွင် မည်သို့မည်ပုံလုပ်ကိုင်ရမည်ဟု ၎င်းတွင် ညွှန်ကြားခွင့်မရှိကြောင်း စသည်ဖြင့် ဟွန်ဆန်က စိုက်ပျိုးရေးဆိုင်ရာ အစည်းအဝေးတစ်ခုတွင် ပြောကြားသည်။

မိမိအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံသို့ ၎င်းကိုဖယ်ရှားရန် မေတ္တာရပ်ခံထားသည့် စာတစ်စောင်ကို ပေးပို့မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတွင် သံတမန်နှင့်ပတ်သက်သည့် အရည်အချင်းမရှိ၍ဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားသည်။ ဝန်ကြီးချုပ် ဟွန်ဆန်က ကုလသံတမန် ယက်ရှ်ဂိုင်ပြောကြားသည့် မိန့်ခွန်းအပေါ်တွင် တုံ့ပြန်တိုက်ခိုက်သည့်အနေဖြင့် ဝေဖန်ပြောကြားခြင်းဖြစ်သည်။ အစိုးရအပေါ် ဝေဖန်သူများကို ထောင်မှ လွတ်ပေးလင့်ကစား ကမ္ဘောဒီးယားနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများသည် အခြေခံကျကျ တိုးတက်ခဲ့ခြင်းမရှိဟု ယက်ရှ်ဂိုင်က ဝေဖန်ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရှေးဟောင်းနန်းတော်အား ပြန်လည်မွမ်းမံပြင်ဆင်နေသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီဂျစ်အနောက်မြောက်ပိုင်းတွင် နေကြတ်သည်ကို တွေ့မြင်ရ

ကိုင်ရို မတ် ၃၀

အီဂျစ်–လစ်ဗျားနိုင်ငံနယ်စပ်ဖြစ်သည့် အယ်လ်–ဆာလွမ်ဒေသ၌ ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ၁၂ နာရီ မိနစ် ၄၀တွင် နေလုံးဝကြတ်သွားသည်ကိုမြင်တွေ့ခဲ့ရကြောင်း၊ ယင်းဒေသသို့ နက္ခတ္တဗေဒပညာရှင်များ ကမ္ဘာ့လှည့်ခရီးသည်များနှင့် အီဂျစ်သမ္မတဟော့စနီ မူဘာရက်တို့ လာရောက်ကြည့်ရှုလေ့လာကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အယ်လ်–ဆာလွမ်ဒေသသည် နေလုံးဝကြတ်သည့် လမ်းကြောင်းပေါ်တွင် တည်ရှိသည့်ဒေသဖြစ်သည်။ ဘရာဇီးမှ မွန်ဂိုလီးယားဒေသအထိ ယင်းနေကြတ်မှုကို တွေ့မြင်ရသည်။ အဆိုပါနေကြတ်မှုသည် နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် လုံးဝနေကြတ်ခဲ့ခြင်းဖြစ်သည်။

ပြောင်းလဲ

တစ်မူထူးခြားပြီး ရှားရှားပါးပါး ဖြစ်လေ့ဖြစ်ထရှိသည့် အဆိုပါ နေလုံးဝကြတ်မှုဖြစ်ပွားခဲ့စဉ်အတွင်း နေကြတ်ရာလမ်းကြောင်းတစ်လျှောက်တွင် နေ့ကာလမှ ညကာလအသွင်သို့ ပြောင်းလဲသွားခဲ့ပြီး နေကြတ်ချိန်တွင် အမည်းရိပ်၏ အပြင်ဘက်သို့ ရောက်ရှိသွားသည့် ရောင်ခြည်စက်ဝန်းသည် လ၏အစွန်းဖျားတစ်လျှောက် ထွန်းလင်းတောက်ပနေသည်။ နေကြတ်ချိန်တွင် လသည် ကမ္ဘာနှင့် နေ၏ကြားတွင် တည့်တည့်မတ်မတ် ရောက်ရှိနေသည်။

အဆိုပါ နေကြတ်ပုံကို အီဂျစ်ရုပ်မြင်သံကြားတွင် အစအဆုံးပြသသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ အီလက်ထရွန်းနစ် လူသုံးကုန်ပစ္စည်း အရောင်းဆိုင် တစ်ဆိုင် ကို မတ် ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အာဖဂန်နစ္စတန်နိုင်ငံတွင် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

မွန်ထရီယယ် မတ် ၃၀

တွန်းလှန်တိုက်ခိုက်ရေးသမားများက အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်ပြည်နယ်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသဖြင့် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကနေဒါအမျိုးသားကာကွယ်ရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ရောဘတ်ကော့စတယ် သေဆုံးခဲ့သည်ဟု အဆိုပါဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

ယင်းတိုက်ခိုက်မှုတွင် အခြားအပေါင်းပါ တပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးခဲ့ကြောင်း၊ ထိုဖြစ်ရပ်သည် ကန်ဒါဟာပြည်နယ်၏ အနောက်မြောက်ပိုင်း မိုင် ၇၀ ခန့်အကွာနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း တွန်းလှန်တိုက်ခိုက်ရေးသမားများက စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာနှင့် လက်နက်ငယ်များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်။

အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားစဉ်အတွင်း အခြားအပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦးနှင့် အာဖဂန်အမျိုးသားကြည်းတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန် ဦးဆောင်တပ်ဖွဲ့များကလည်း တွန်းလှန်တိုက်ခိုက်ရေးသမားများကို ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း ကနေဒါ အမျိုးသားကာကွယ်ရေးဌာနက ပြောကြား သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကနေဒါတပ်ဖွဲ့ဝင်များ၏အမည်ကို ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။ ၎င်းတို့သည် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ဖွယ်ရှိသည်ဟု အဆိုပါဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



စင်ကာပူနိုင်ငံ ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသနေသူတစ်ဦးကို မတ် ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သံမဏိဟုတ်သော အခြားသတ္တုထုတ်လုပ်မှု တရုတ်နိုင်ငံ လေးနှစ်ဆက်တိုက် စံချိန်တင်

ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံမှ သံမဏိဟုတ်သော အခြားသတ္တုကို ၂၀၀၅ ခုနှစ်တွင် တန်ချိန် ၁၆ဒသမ၃၂ သန်း ထုတ်လုပ်ခဲ့ပြီး ၂၀၀၄ခုနှစ်ကထက် ၁၈ဒသမ၁၄ ရာခိုင်နှုန်း များပြားလာကြောင်း၊ ကမ္ဘာတွင် လေးနှစ်ဆက်တိုက် ထုတ်လုပ်မှု ပထမဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း တရုတ်လုံခြုံရေးဂျာနယ်က မတ် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံရှိသံမဏိဟုတ်သော အခြားသတ္တုလုပ်ငန်းများတွင် အကြီးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဝင်ငွေသည် ယွမ် ၈၀၉ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၀၁ ဘီလီယံ)ရရှိပြီး ၃၇ဒသမ ၀၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အမြတ်ငွေသည် ယွမ်ငွေ ၅၄ဒသမ၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၅၉ဒသမ ၂၇ ရာခိုင်နှုန်း တိုးတက် ရရှိခဲ့ကြောင်း ခန်က ပြောကြားခဲ့သည်။

ကမ္ဘာတွင် သံမဏိဟုတ်သော သတ္တုများ ထုတ်လုပ်မှုနှင့် သုံးစွဲမှုတွင် တရုတ်နိုင်ငံသည် အများဆုံးဖြစ်သည်ဟု ၎င်းက ဆိုသည်။**အမ်အင်အေ၊ဆင်ဟွာ။**

ဟောင်ကောင်၌ ပညာရေးအစီအစဉ်များ ထုတ်လွှင့်မည်

ဟောင်ကောင် မတ် ၃၀

တရုတ်နိုင်ငံ အမေးနှင့်အဖြေပုံသော ပညာရေးအစီအစဉ်အမည်ဖြင့် ယခုရက်သတ္တပတ်မှစတင်၍ ဟောင်ကောင်မြို့တစ်ဝန်းရှိ မီနီဘတ်စ်ကားအချို့နှင့် ဘတ်စ်ကားများအားလုံးတွင် ထိုအစီအစဉ်ကို ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်ဟု ခရီးသွားလာရေးဆိုင်ရာအဖွဲ့က မတ် ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံ၏ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ကို မေးမြန်းဖြေကြားမှုပုံစံဖြင့် ထုတ်လွှင့်သွားမည်ဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။ ဟောင်ကောင်၏ အမျိုးသားပညာရေးမြှင့်တင်နိုင်ရန် ထိုအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်၍ စိတ်ကြည်နူးရပါကြောင်း ဆင်ဟွာသတင်းဌာန၏ အာရှ–ပစိဖိတ်ဒေသအဖွဲ့ ညွှန်ကြားရေးမှူး ဇီရှန်ဇင်က ပြောကြားခဲ့သည်။ အဆိုပါ အစီအစဉ်ကို ပုံနှိပ်ပြီး မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် ပြည်သူ့စာကြည့်တိုက်များသို့ ဖြန့်ဝေပေးမည်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မြောက်အိုင်ယာလန်နိုင်ငံ ဒါရီလေယာဉ်ကွင်းသို့ ဆင်းသက်ရမည့်အစား စစ်စခန်းဝင်းအတွင်း မှားယွင်းဆင်းသက်မိသော ခရီးသည်တင်လေယာဉ်တစ်စင်းကို မတ်၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေလုပ်သားလေးဦးကို ကိုက်သတ်ခဲ့သည့် ငါးမန်းကြီး ဆီရာလီယွန်နိုင်ငံတွင် ဖမ်းဆီးရမိ

ဖရီးတောင်း မတ် ၃၀

ဆီရာလီယွန်နိုင်ငံမှ အပျော်တမ်းငါးမျှားသူတစ်ဦးက ကီလို ၃၀၀(ပေါင် ၆၆၀) အလေးချိန်ရှိ ငါးမန်းတစ်ကောင်ကို ဖမ်းမိသည်။ အဆိုပါ ငါးမန်းသည် ဒေသခံ ရေလုပ်သား လေးဦးကို ဆီရာလီယွန်ကမ်းလွန်ဒေသတွင် ကိုက်သတ်ခဲ့သည့် ငါးမန်းကြီးဖြစ်ကြောင်း ဒေသခံရေလုပ်သားများက ပြောကြားသည်။

အသက် (၆၁) နှစ်ရှိ ကျောက်မျက်ရတနာ ကုန်သည်တစ်ဦးဖြစ်သည့် ရီယတ်ဟက်ဆန်သည် ဆီရာလီယွန်နိုင်ငံ၏ မြို့တော်ဖရီးတောင်းမှ တစ်လတာအပန်းဖြေရန် အတ္တလန္တိတ် ကမ်းလွန်ရေပြင်သို့ သွားရောက်ပြီး ငါးမျှားခဲ့ရာမှ ငါးမန်းတစ်ကောင်ကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ယင်းဒေသသည် အပျော်တမ်း ငါးဖမ်းသူများ လာရောက်ငါးမျှားကြရာ ဒေသဖြစ်သည်။

ငါးမျှားတံတွင် ငါးကြီးတစ်ကောင် ချိတ်မိနေသည်ကို မိမိသိရှိလိုက်ကြောင်း၊ သို့ရာတွင် ငါးမန်းဟု မျှော်လင့်မထားကြောင်း ဟက်ဆန်က ရိုက်တာသတင်း ဌာနသို့ ပြောကြားသည်။

ဟက်ဆန်နှင့်အတူ ငါးမျှားနေသူတို့က အဆိုပါ ငါးမန်းကို တစ်နာရီကျော် ဖမ်းခဲ့ရပြီးမှ သတ်ဖြတ်နိုင်ခဲ့ကြောင်း၊ ယင်းငါးမန်းသည် ကိုးပေ(သုံးမီတာ)အရှည် ရှိကြောင်း ဟက်ဆန်က ပြောကြားသည်။

ထိုငါးမန်းသည် ရက်သတ္တပတ်နှစ်ပတ်အတွင်း ရေလုပ်သားလေးဦးကို သတ်ဖြတ်ခဲ့သည့် ငါးမန်းကြီးဖြစ်သည်။ အချို့လူများက လှေငယ်လေးတစ်စင်းဖြင့် ပင်လယ်သို့ ငါးမျှားရန် မထွက်ရဲကြကြောင်း ဒေသခံရေလုပ်သားဖြစ်သူ ဆင်မြူရယ်ဖရိုက်ရေးက ပြောကြားသည်။ ဟက်ဆန်သည် ဖမ်းမိလာသည့် ငါးမန်းကို စက်တပ်လှေပေါ်တွင်ထည့်ယူလာခဲ့ပြီး သင်္ဘောဆိပ်အရောက်တွင် ဒေသခံလူများ စားသုံးရန် ပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပီရူးသမ္မတ မွေးနေ့ပွဲသို့ ကလေးငယ်များကို ဖိတ်ကြား

လီမာ မတ် ၃၀

ပီရူးသမ္မတ အာလီဂျန်ဒရိုတိုလီဒိုသည် ၎င်း၏အသက် ၆၀နှစ်ပြည့် မွေးနေ့ပွဲကိုဆင်းရဲသော ကလေးငယ် ၃၀၀ကိုဖိတ်ကြားပြီး မတ် ၂၈ရက်တွင် သမ္မတနန်းတော်၌ နံနက်စာဖြင့် တည်ခင်း ကျွေးမွေးခဲ့သည်။

ထိုကလေးငယ်များကို နံနက်စာဖြင့် ကျွေးမွေးခြင်းသည် မိမိအတွက်အမှတ်တရဖြစ်ဖွယ်ရှိကြောင်း၊ ၎င်းသည် သမ္မတနေရာတွင် ကြာရှည်မှုရှိမည် မဟုတ်ကြောင်း၊ လေးလတာမျှသာ ကျန်ရှိတော့ကြောင်း သမ္မတက ပြောကြားခဲ့သည်။

ပီရူးသမ္မတ ဧပြီလတွင် ရွေးချယ်မည်ဖြစ်သည်။ နိုင်ငံတွင် ဆင်းရဲဆုံးပြည်သူများအတွက်လုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ကလေးများအတွက် ရည်ရွယ်၍ ဦးတည်ရွေးချယ်သွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ လေကြောင်းဆိုင်ရာ ပျံသန်းမှုအငြင်းပွား

ကရာကတ်စ် မတ် ၃၀

ဗင်နီဇွဲလားနှင့် အမေရိကန်ပြည်ထောင်စုအတွင်းဖြစ်ပွားနေသည့် လေကြောင်းပျံသန်းရေးနှင့် စပ်လျဉ်းသည့်ပြဿနာသည် လုံခြုံရေးအပေါ်မူတည်ဖြစ်ပွားခြင်းဖြစ်ပြီး နိုင်ငံရေးနှင့် ပတ်သက်မှု မရှိကြောင်း၊ ယခုအခါ ယင်းပြဿနာအပေါ် ကျေနပ်လောက်သည့် ဖြေရှင်းမည့်လမ်းကြောင်းမှန်သို့ ရောက်ရှိ နေပြီဖြစ်ကြောင်း အမေရိကန်သံအမတ်ကြီး ဝီလီယံဘရောင်းဖီးက အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံမှ လေကြောင်းပျံသန်းမှုဆိုင်ရာ ကျွမ်းကျင်သူများ ယခုအခါ ညှိနှိုင်းဆွေးနွေးနေကြပြီး နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံစလုံးအတွက် ကျေနပ်သည့် ဖြေရှင်းမှုဆီသို့ ဦးတည်သည့် လမ်းကြောင်းမှန်သို့ ရောက်ရှိနေပြီဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ကြိုးပမ်း

အမေရိကန်နှင့်ဗင်နီဇွဲလားနိုင်ငံတို့မှ လူနည်းစုတို့က နည်းပညာဆိုင်ရာ ပြဿနာတစ်ရပ်အတွင်းသို့ နိုင်ငံရေးကိစ္စများ ဆွဲသွင်းရန်ကြိုးပမ်းခဲ့ကြကြောင်း၊ ယင်းကြောင့် အမေရိကန်လေကြောင်းအာဏာပိုင်အဖွဲ့ (အက်ဖ်အေအေ)က သက်သေအထောက်အထားတစ်ရပ်အဖြစ် ပြသနိုင်ရန်အတွက် အတတ်ပညာကျွမ်းကျင်မှု အုပ်စုတစ်စုကို ဗင်နီဇွဲလားနိုင်ငံအတွင်းထားရန် စိုင်းပြင်းလျက်ရှိကြောင်း၊ ယင်းလုပ်ရပ်သည် ပြဿနာ အမြန် ပြေလည်စေရန် စိတ်အားထက်သန်မှုပင်ဖြစ်ကြောင်း သံအမတ်ကြီး ဘရောင်ဖီးက ဆက်လက်ပြောကြားသည်။

ဗင်နီဇွဲလားအစိုးရက ယင်းဒေသသို့ အမေရိကန်လေကြောင်းဌာနမှ လေယာဉ်ပျံသန်းမှုကို ပိတ်ပင်ရန် ခြိမ်းခြောက်ခဲ့ပြီးနောက် အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံအတွင်း လေကြောင်းဆိုင်ရာ ပြဿနာပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် စစ်ရေးပြအခမ်း အနားအတွက် ရိုးရာဝတ်စုံ ဝတ်ဆင်ကာ လေ့ကျင့်နေ သော တပ်ဖွဲ့ဝင် များကို မတ် ၃၁ရက်က တွေ့ရ စဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာရိန်းနိုင်ငံ မူဘာရတ်မြို့အနီးတွင် အပျော်စီးရေယာဉ်တစ်စင်း တိမ်းမှောက်နစ်မြုပ်မှု ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျီအမ်ကုမ္ပဏီ ဝန်ထမ်းဦးရေ လျှော့ချမည်

ဒက်ထရွိုက် မတ် ၃၀

ဂျင်နရယ် မော်တော်ကော်ပိုရေးရှင်း(ဂျီအမ်)က ဘီလီယံချီ၍နစ်နာဆုံးရှုံးနေသဖြင့် စရိတ်စကများ လျှော့ချရန် ကြိုးပမ်းလျက်ရှိနေစဉ် ကနဦးအဆင့်အဖြစ် ဉာဏလုပ်သား ၂၅၀၀ ခန့်ကို ယခုနှစ်မှစတင်၍ လျှော့ချမည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားသည်။

ပထမအသုတ်နေရာဒေသ ၃၀ မှ ဝန်ထမ်း ၅၀၀ တို့ကို လျှော့ချခဲ့သည်ဟု ဂျီအမ်၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ လျှော့ချခံရသည့် ဝန်ထမ်းများအနေဖြင့် ကုမ္ပဏီမှ အမြန်ထွက်သွားရန် ကုမ္ပဏီကတိုက်တွန်းထားသည်။

ဂျီအမ်ကုမ္ပဏီတွင် ၁၉ နှစ်တိုင် အင်ဂျင်နီယာအဖြစ် လုပ်ကိုင်ခဲ့သည့် ဝန်ထမ်းတစ်ဦးက ၎င်း၏ အနာဂတ် ဘဝမရေရာကြောင်း ပြောကြားသည်။ ယခုလုပ်ကိုင်နေသည့် နေရာမှမည်သည့် နေရာသို့ သွားရောက်ရမည်ကို မိမိမသိသေးကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

မြွေကို လည်ပင်း၌ ပတ်၍ ကားမောင်းသူ ယာဉ်တိုက်မှုနှင့်ကြုံရ

နေပယ်(ဖလော်ရီဒါ) မတ် ၃၁

အမေရိကန်နိုင်ငံဖလော်ရီဒါပြည်နယ် နေပယ်မြို့မှ တိရစ္ဆာန် မွေးသူတစ်ဦးသည် ၎င်းမွေးထားသော မြွေကို လည်ပင်းတွင် ပတ်၍ ကားမောင်းစဉ် မြွေပေါက်ခံရသဖြင့် အထိတ်တလန့်ဖြစ်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ယာဉ်တိုက်မှု ဖြစ်ပွားသူမှာ နေပယ်မြို့အရှေ့ဘက်တွင် နေထိုင်သည့် အသက် (၃၀)အရွယ်ရှိ ဂျွန်ဆင်ဆိုသူဖြစ်သည်ဟု အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသူများက ပြောကြားသည်။

ဂျွန်ဆင်သည် မတ် ၂၈ရက် ညပိုင်း ၉နာရီခန့်က ကားမောင်းလာစဉ် လမ်းနံဘေးရှိ အတားအဆီးများ ဝင်တိုက်ခဲ့သည်။ ၎င်းသည် ထိုနေ့က မြွေတစ်ကောင်ဖြင့် လုံးလားထွေးလားဖြစ်လျက်သား အနေအထားဖြင့် ကားအတွင်းမှ ထွက်လာသည်ကို မြင်ကြရသည်ဟု သတင်းက ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ကြက်ငှက်တုပ်ကွေးရောဂါ ဒိန်းမတ်နိုင်ငံတွင် ဖြစ်ပွား

စတော့ဟုမ်း မတ် ၃၀

ဒိန်းမတ်နိုင်ငံ၌ မတ် ၁၄ ရက်တွင် သေဆုံးလျက်ရှိသည့် သိန်းငှက်တစ်ကောင်ကို စစ်ဆေးကြည့်ရာ H5-N1 ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း ဥရောပသမဂ္ဂရည်ညွှန်းဓာတ်ခွဲခန်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

ဒိန်းမတ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ပထမဦးဆုံးဖြစ်ပွားသည့် အဆိုပါ သိန်းငှက်ကို မြို့တော် ကိုပင်ဟေဂင်၏တောင်ဘက် ကီလိုမီတာ ၇၀ အကွာရှိ နက်စ်တဗက်မြို့ အနီးတွင် သေဆုံးလျက် တွေ့ရှိရသည်။ အဆိုပါနေရာမှာ စိမ့်မြေအရပ်ဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်သည့် ငှက်များ၏ စားကျက်နေရာဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ကျောင်းသား၊ ကျောင်းသူများလေ့လာ

ရန်ကုန် မတ် ၃၁

ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာ၊ ဆရာမများ ဦးဆောင်လျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ ယမန်နေ့နံနက် ၉နာရီတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်နီလာသော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်းဖွဲ့စည်းပုံအဆင့်အဆင့်နှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ဆေးတက္ကသိုလ်(၁) အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းမှုများကို အသင်းအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေး ဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

အသောကာရုံရွှေကျင်စာသင်တိုက် ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

အင်းစိန်မြို့ စော်ဘွားကြီးကုန်း ရပ်ကွက် အသောကာရုံ ရွှေကျင်စာသင်တိုက်၌ မဟာစည် နည်းကျ ပဏ္ဍိတာရာမရွှေတောင်ကုန်း ဒုတိယအကြိမ် ၁၀ ရက် တရားစခန်းကို ဧပြီ ၈ရက် ညနေ ၄နာရီမှ ၁၇ရက် (နှစ်ဆန်းတစ်ရက်)နေ့အထိ ၁၀ ရက်စလုံး ရွှေတောင်ကုန်း ဩဝါဒါစရိယ ဆရာတော်ကြီးက ဦးဆောင်ဖွင့်လှစ်မည် ဖြစ်၍ တရားစခန်း ဝင်လိုသော ယောဂီ ပုဂ္ဂိုလ်များသည် ဧပြီ ၇ရက် နောက်ဆုံးထား၍ အသောကာရုံ ဆရာတော် ဖုန်း-၀၁-၆၅၁၅၂၀ သို့ စာရင်းပေးသွင်းပြီး ဧပြီ ၈ ရက် ည ၇ နာရီမှစ၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ နည်းလှည့်မြွေကထိက ဆရာတော်များနှင့် ရွှေတောင်ကုန်း ကမ္မဋ္ဌာနာ စရိယ ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ညစဉ် ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ကျောင်းဆင်းပဒေသာကပွဲကျင်းပ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးရေးဌာန ၂၀၀၅-၂၀၀၆ ခု စာသင်နှစ် ကျောင်းဆင်းပဒေသာကပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆရာမများ၊ မိဘနှင့်ကလေးငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းဦး၊ ဒေါ်ခင်နွယ်နွယ်၊ ဒေါ်သဇင်နွယ်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာတို့က ၂၀၀၅-၂၀၀၆ခု စာသင်နှစ် ကျောင်းဆင်းလက်မှတ်များကို တန်းခွဲအလိုက် ဆရာမများအား အသီးသီးပေးအပ်ကြပြီး ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်များကို ဆရာမများကိုယ်စား တာဝန်ခံဆရာမ ဒေါ်ထားထားရီအား ပေးအပ်သည်။

ယင်းနောက် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ကလေးငယ်များက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြသည်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် မတ် ၃၁

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဦးဆောင်၍ လူမှုရေး အသင်းအဖွဲ့များ ပြည်သူများ စုပေါင်း၍ ကြက်ဆူပင်များ စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီက ဘုရားသုံးဆူ စိုက်ပျိုးခင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်က ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်စိုးဦး ခေါင်းဆောင်သော အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** (၅၀၆)

လှိုင်မြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၉)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြငွေးက ပထမတန်း ပထမဆုရ မသဲထက်ဆုအား ဆုချီးမြှင့်စဉ်။ (က-ပ)

ထူးခြားသည့် နေ့အပူချိန်

(၃၁-၃-၂၀၀၆)

ကန့်ဘလူ

၄၂ ဒီဂရီ စင်တီဂရိတ်

(၁၀၈ ဒီဂရီ ဖာရင်ဟိုက်)

မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ် လူသစ် ဘဝသစ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဌာနနှင့် UNODC တို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်းအတွင်း မူးယစ်ဆေးဖြတ်ပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ-
ငွေးအောင်(ကြေးမုံ)

ယင်းလုပ်ငန်း ဆောင်တာများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို ကြေးမုံသတင်းအဖွဲ့က တွေ့ဆုံခဲ့ရာ မူးယစ်ဆေးဖြတ်ပြီးသူများကို တစ်နှစ်စောင့်ကြည့်ကာလအတွင်းစေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးအသင်းက အနီးကပ်စောင့်ကြည့်၍ ကာကွယ်စောင့်ရှောက်ရေးနှင့် ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အလုပ်ရုံဆွေးနွေးပွဲ၌ အသေးစိတ်ဆွေးနွေးပို့ချခဲ့ကြောင်းသိရသည်။ ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာနမှ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲက ရှင်းပြရာတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေးနှင့် ထုတ်လုပ်မှုပပျောက်ရေးဆိုင်ရာ အမျိုးသားရေး ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့များအနက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ဆေးဝါးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲ ရှင်းလင်းပြောကြားစဉ်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းကို နည်းဗျူဟာ သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း-

(၁) စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း၊

(၂) စခန်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း၊

(၃) ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ဖြစ်ကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်း ခုနစ်ခုကို တိုက်ရိုက်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ကြောင်း၊ ၎င်းတို့မှာ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း၊ မန္တလေး ပြန်လည်ထူထောင်ရေးစခန်း၊ မြစ်ကြီးနား ပြန်လည် ထူထောင်ရေးစခန်း၊ လားရှိုး ပြန်လည်ထူထောင်ရေးစခန်း၊ ကျိုင်းတုံ ပြန်လည်ထူထောင်ရေးစခန်း၊ နမ့်လတ် ပြန်လည်ထူထောင်ရေးစခန်းနှင့် တာချီလိတ် ပြန်လည်ထူထောင်ရေး စခန်းတို့ဖြစ်ကြောင်း၊ မူးယစ်ဗဟိုအဖွဲ့မှ ဌာနနှစ်ခုကို တိုက်ရိုက်ကွပ်ကဲပြီး ဌာနပေါင်းစုံ ပူးပေါင်းပါဝင်မှုဖြင့် ဖွင့်လှစ်ထားသော ရွှေပြည်သာ လူငယ်များပြုစုပျိုးထောင်ရေးဌာနနှင့် ရွှေပြည်အေး လူငယ်များ ပြုစုပျိုးထောင်ရေးတို့ ဖြစ်၍ စုစုပေါင်း ကိုးဌာနရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြောကြားရာတွင် အလုပ်ပေး ကုထုံးသည် မိမိ ဝါသနာပါရာ အလုပ်တွင် အာရုံစူးစိုက် လုပ်ကိုင်နေခြင်းဖြင့် မူးယစ်ဆေးဝါးကို စွဲလမ်းလျော့ပါးစေသည့် အလုပ်ပေး ကုထုံး အဖြစ်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်သွားခြင်းဖြင့် မိမိဘဝ မိမိရပ်တည်နိုင်စေရန်အတွက်လည်းကောင်း၊ ပညာရပ်များအား စာတွေ့လက်တွေ့ သင်ကြားပေးကြောင်း၊ လူ့အသိုင်းအဝိုင်းထဲသို့ ပြန်လည်ဝင်ဆံ့အောင် ဆောင်ရွက်ပေးရာတွင် သင်တန်းဆင်းလက်မှတ် ချီးမြှင့်ခြင်း၊ မိဘအုပ်ထိန်းသူထံ လွှဲပြောင်းပေးခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှု တစ်နှစ်ခံယူခြင်း၊ အလုပ်အကိုင်ရရှိရေးကူညီဆောင်ရွက်ပေးခြင်း၊ မူးယစ်ဆေးစွဲသူများမှတ်ပုံတင် ပယ်ဖျက်ခွင့်ရအောင် ကူညီဆောင် ရွက်ပေးခြင်းတို့ဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ဆောင်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်း(ယာယီ)ဥက္ကဋ္ဌ ဦးစံရှိန်နှင့် တွေ့ဆုံမေးမြန်းရာတွင် ရပ်ရွာအတွင်းသို့ ပြန်လည်ရောက်ရှိလာသူများအား ရပ်ကွက်အတွင်း နေထိုင်သောအခါ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ရှိနေအောင် မိသားစုဝင်များနှင့် တွေ့ဆုံဆွေးနွေး အကူအညီ ပေးနေကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်း စေတနာ့ ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးအသင်း (ယာယီ)ဥက္ကဋ္ဌ ဦးစံရှိန် ရှင်းလင်းပြောကြားစဉ်။

လူမှုဝန်ထမ်း ဦးစီးဌာန မူးယစ်ဆေးပြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဌာနစုနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း(ယာယီ)တို့ ပူးပေါင်း၍ မူးယစ်ဆေးပြတ်သူများ ပြန်လည်ထူထောင်ရေးကို စနစ်တကျ ဆောင်ရွက်ခြင်း၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းပါဝင်ကူညီခြင်းဖြင့် မူးယစ်ဆေးစွဲသူများဆေးပြတ်ကာ စိတ်သစ် လူသစ် ဘဝသစ်ကို ရရှိမှာ မလွဲဧကန် ဖြစ်ပေသည်။ ။

လူမှုဝန်ထမ်းဦးစီးဌာန တာချီလိတ် ပြန်လည်ထူထောင်ရေး စခန်းကို တွေ့ရစဉ်။

❀ (၆၁)နှစ်မြောက်မှ

စနဲပေါက် တံတား၊ ကျောက်ကြီးပေါက် တံတား၊ သယုချောင်းကြိုးတံတား၊ ကျိန္တလီမြစ်ကူးတံတား၊ ရွှေလှေ တံတား၊ အမ်းချောင်းတံတား စသည့် တံတားပုံစံငယ်များ၊ ပေါ်ထွန်းလာသည့် ဆင်ဖြူတော်များ၏ဓာတ်ပုံများ၊ မြောက်ဦးမြို့စန္ဒမုနိဆင်းတုတော်၊ ကိုးသောင်းပုထိုးတော်ကြီး၊ မဟာမုနိဘုရား၊ ကျောက်တော်တောင်ရှုခင်း၊ လောကနန္ဒာစေတီ၊ စစ်တွေမီးပြတိုက်၊ စစ်တွေဟိုတယ် စသည့် ပန်းချီကားများ၊ ရခိုင်ပြည်နယ်နှင့် စစ်ရေးသမိုင်းပြကွက်တွင် ပန်းဝါတိုက်ပွဲ၊ မြန်မာတို့၏ စစ်မဟာဗျူဟာ၊ ပန်းဝါထိုးစစ်အောင်ပွဲ၊ ဒုတိယကမ္ဘာစစ်အတွင်း ရခိုင်စစ်မျက်နှာ၊ ရဲသီဟစစ်ဆင်ရေးဖြင့် ဗကပကို အမြစ်ဖြတ်ခြင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးစုများပုံတူ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်ပြည်နယ်ကမ်းလွန်ဒေသ ရွှေအစမ်းတွင်း အမှတ်(၁)နှင့် အမှတ်(၂) သဘာဝဓာတ်ငွေ့စီမံကိန်း၊ ၁၆၇၆ ခုနှစ် မြောက်ဦးမြို့ကို ပေါ်တူဂီကုန်တိုက်မှ တွေ့မြင်ရပုံ သရုပ်ဖော်ပန်းချီကား၊ ရခိုင်ပြည်နယ်၏ ရေရရှိရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပြကွက်များကို ဓာတ်ပုံ၊ ပန်းချီရုပ်ပုံကားချပ်၊ ဇယားများဖြင့် ဝေဝေဆာဆာ ပြသထားရာ ကျောင်းသားကျောင်းသူ၊ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဆုများချီးမြှင့်

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အခမဲ့

အဆိုပါ ပြပွဲကို ဧပြီ ၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

မတ် ၃၁ ရက်က အီရန်နိုင်ငံအနောက်ပိုင်း ခါလက်အလီ ကျေးရွာတွင် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

(သတင်း-ကျောဖုံး) (ဓာတ်ပုံ-အင်တာနက်)

✳ **အိပ်ချ်ဒီမှ**

ခြေတစ်လှမ်းအသာဖြင့် ဒီဗွီဒီ အမျိုးအစားသစ်များကို ပထမဆုံးအကြိမ် ဈေးကွက်တင် ရောင်းချခြင်းဖြစ်သည်။ တိုရှီဘာကော်ပိုရေးရှင်းသည် (HD DVD) ဖွင့်စက်များကို ကမ္ဘာပေါ်တွင် ပထမဆုံး စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးအဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်လာသည်။

စီစဉ်လျက်ရှိ

တိုရှီဘာ ကော်ပိုရေးရှင်းသည် အိပ်ချ်ဒီ ဒီဗွီဒီ ဖွင့်စက်သစ်များကို အမေရိကန် ဈေးကွက်တွင် ဧပြီလလယ်၌ စတင်ရောင်းချနိုင်ရန်လည်း စီစဉ်လျက်ရှိသည်။

အိပ်ချ်ဒီ ဒီဗွီဒီဖွင့်စက်သည် အရည်အသွေးမြင့်မားသော ဒီဂျစ်တယ် ပုံရိပ်များကို ထုတ်လုပ်ပေးနိုင်ပြီး ကမ္ဘာ့လက်ရှိ ဒီဗီဒီစက်များ၏ စံချိန်စံညွှန်းထက် ပိုမိုသာလွန်သည်။ အင်တာနက်။

ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်းတွင် စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့သူများနှင့် တွေ့ဆုံခြင်း

သတင်း၊ ဓာတ်ပုံ –
သတင်းထောက်သန်းဆွေ
(ပန်းဘဲတန်း)

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တီထွင်ကြံ့ဆမှုများဖြင့် ကြိုးစားဆောင်ရွက်နိုင်ခြင်းများကြောင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ အင်ဂျင်နီယာလေးဦးအား စီမံထူးချွန် ဒုတိယဆင့်နှင့် တတိယဆင့်တို့ဖြင့် ချီးမြှင့်ခဲ့ပါသည်။

ကိုယ့်နိုင်ငံမှာ အလွယ်တကူ ရရှိထုတ်လုပ်နိုင်မယ့် ကိစ္စရပ်များကို ရေရှည်မြော်တွေးပြီး ဒီဇိုင်းထုတ်ဆောင်ရွက်ခဲ့ပါတယ်။

ဒေါက်တာ ထွန်းသန်းထွန်း၊ ဌာနမှူး၊
အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)

အထက်ပါ ပုဂ္ဂိုလ်လေးဦးမှာ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဌာနမှူးဒေါက်တာ ထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ လက်ထောက်ဌာနမှူး ဦးကံမြင့်တို့ ဖြစ်ကြပြီး စာရေးသူက အဆိုပါ ပုဂ္ဂိုလ်လေးဦးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးစွာ ဒေါက်တာထွန်းသန်းထွန်းနှင့် တွေ့ဆုံခဲ့ရာ စီမံထူးချွန် (ဒုတိယဆင့်)ရရှိခဲ့ပုံကို ပြောပြပါသည်။

"ကျွန်တော်စီမံထူးချွန် ဒုတိယဆင့်ရတာက ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ခဲ့တဲ့ အပိုင်းတစ်ပိုင်းလဲပါဝင်ပါတယ်။ ယခု ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)ကို အချိန်တို ကိုးလအတွင်း လုပ်ငန်းများကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့လို့ပါ။

"လုပ်ငန်းများ တစ်ပြိုင်တည်းဆောင်ရွက်တဲ့နေရာမှာ တိုတောင်းလှတဲ့ ကာလအတွင်းမှာ ရေရဲ့ အရည်အသွေး၊ ပြည်သူများ ကျန်းမာရေးနဲ့ ညီညွတ်သော သောက်သုံးနိုင်မယ့်အဆင့် ရေသန့်စင်မှုစနစ်ကိုလည်း တွက်ချက်ရပါတယ်။ နည်းပညာပိုင်းနှင့် ပတ်သက်ရင်လည်း တစ်ချိန်လိုအပ်လာမယ့် ပစ္စည်းကိရိယာများကို ကိုယ့်နိုင်ငံမှာ အလွယ်တကူ ရရှိထုတ်လုပ်နိုင်မယ့် ကိစ္စရပ်များကို ရေရှည်မြော်တွေးပြီး ဒီဇိုင်းထုတ်ဆောင်ရွက်ခဲ့ပါတယ်"။

"ယခု တီထွင်ဆောင်ရွက်ခဲ့တဲ့ ရေသန့်စင်မှုစနစ်ဟာ အလွန်ရိုးပြီး တကယ်တမ်း ပြန်လည်ကြည့်ရင်လည်း ဘယ်အခါကြည့်ကြည့် မရိုးနိုင်တဲ့ နည်းပညာနဲ့ စီးပွားရေးအရ တွက်ခြေကိုက်တဲ့ ရေပေးဝေရေး တည်ဆောက်နည်း ဖြစ်ပါတယ်။ ကျွန်တော် စီမံထူးချွန်ဆုရရှိတဲ့အတွက် နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်ပါတယ်။ ကိုယ်တတ်ကျွမ်းတဲ့ ပညာရပ်ကို အခု ပြသခွင့်ရရှိတဲ့အတွက် ကျွန်တော်တို့တစ်တွေ ပီပီပြင်ပြင် လုပ်ပြနိုင်ခဲ့ကြတာ ဖြစ်ပါတယ်"ဟု ပြောကြားသွားသည်။

ဆက်လက်ပြီး စီမံထူးချွန်ဒုတိယဆင့်ရ ဌာနမှူး ဦးဇော်ဝင်းအား တွေ့ဆုံခဲ့ရာ ဦးဇော်ဝင်းက–

"ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံမှ အဓိကအစိတ်အပိုင်းတစ်ခုမှာ ကျွန်တော်တာဝန်ယူရတဲ့ အပိုင်းတစ်ပိုင်းကို အောင်အောင်မြင်မြင်နဲ့ ကြီးကြပ်ဆောင်ရွက်ပေးနိုင်တဲ့အတွက် နိုင်ငံတော်ကဂုဏ်ပြုတာလို့ သိရပါတယ်။

"ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တာဝန်ယူရတဲ့အပိုင်း

ကျွန်တော်ရရှိတဲ့ ဘွဲ့ထူးဂုဏ်ထူးဟာ နိုင်ငံတော်က ချီးမြှင့်တဲ့ ဘွဲ့ထူးဂုဏ်ထူးဖြစ်ပါတယ်။ ဒီလို ဘွဲ့ထူးဂုဏ်ထူးဟာ သားစဉ်မြေးဆက် ဂုဏ်ယူရမယ့် ဘွဲ့ထူးဂုဏ်ထူးဖြစ်ပါတယ်။

ဦးဇော်ဝင်း၊ ဌာနမှူး၊
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

က အကြီးကျယ်ဆုံးနဲ့ လုံးဝအတိမ်းအစောင်းမခံနိုင်သော အဆောက်အအုံကြီးဖြစ်ပါတယ်၊ ကျွန်တော်ဟာ ကျွန်တော့်ဌာနတွင်းက အင်ဂျင်နီယာတွေနဲ့ပဲ ဒီလောက်ကြီးမားတဲ့ တည်ဆောက်မှုအပိုင်းကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့လို့ ကျေနပ်မှုအားရမှုဖြစ်ရပါတယ်။

"ကျွန်တော်ရရှိတဲ့ ဘွဲ့ထူးဂုဏ်ထူးဟာ နိုင်ငံတော်က ချီးမြှင့်တဲ့ ဘွဲ့ထူး ဂုဏ်ထူးဖြစ်ပါတယ်။ ဒီလို ဘွဲ့ထူးဂုဏ်ထူးဟာ သားစဉ်မြေးဆက် ဂုဏ်ယူရမယ့် ဘွဲ့ထူး

ကျွန်တော့်အနေနဲ့ စီမံကိန်းကြီးတစ်ရပ်ကို အကောင်အထည်ဖော်တဲ့နေရာမှာ စီမံခန့်ခွဲမှု အပိုင်းရော၊ အောက်ခြေလုပ်ငန်းပိုင်းဆိုင်ရာတွေမှာရော၊ အုပ်ချုပ်မှု အပိုင်းမှာပါ ညှိနှိုင်းပေါင်းစပ်ပြီး လုပ်ငန်းချောမွေ့စေရန် တာဝန်ယူရပါတယ်။

ဦးကံမြင့် စီမံကိန်းမန်နေဂျာ
လက်ထောက်ဌာနမှူး၊
အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)

ဂုဏ်ထူးဖြစ်ပါတယ်။ ကျွန်တော်အင်မတန် ဂုဏ်ယူပါတယ်၊ ဝမ်းလည်းဝမ်းမြောက်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

စီမံထူးချွန်တတိယဆင့် ရရှိခဲ့သူ ဒုတိယဌာနမှူး ဦးစိန်ဝင်းနှင့် ဆက်လက်တွေ့ဆုံ၍ သူ၏ ထူးခြားဖြစ်စဉ်ကို မေးမြန်းမိပါသည်။

"ရန်ကုန်မြို့တော်မှာ ရေပိုမိုရရှိရန် လိုအပ်လာတဲ့အတွက် ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းမှာ ကျွန်တော်က မြို့ပြဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ၊ စက်မှုဆိုင်ရာလုပ်ငန်းရပ်များကို ဦးဆောင်ပြီး အကောင်အထည် ဖော်ရပါတယ်။ အထက်ကညွှန်ကြားချက်တွေကို အချိန်ကိုက် အချိန်မီပြီးစီးအောင် ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အချိန်တိုတိုအတွင်းမှာ အရည်အသွေး စံချိန်စံညွှန်းနဲ့ ကိုက်ညီပြီး နိုင်ငံခြားငွေမပါဝင်ဘဲ ပြည်တွင်းမှာရှိတဲ့ ငွေကြေးနဲ့ ကျွန်တော်တို့ စည်ပင်သာယာမှာရှိတဲ့ အင်ဂျင်နီယာတွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့လို့ ဖြစ်ပါတယ်။

"အခုလိုစီမံထူးချွန်တတိယဆင့်ရတာက လူကြီးတွေက ကျွန်တော့်လုပ်ရပ်ကို အသိအမှတ်ပြုပြီး အခုလိုချီးမြှင့်တဲ့

အချိန်တိုတိုအတွင်းမှာ အရည်အသွေး စံချိန်စံညွှန်းနဲ့ ကိုက်ညီပြီး နိုင်ငံခြားငွေ မပါဘဲ ကျွန်တော်တို့ စည်ပင်သာယာမှာရှိတဲ့ အင်ဂျင်နီယာတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက် ပေးခဲ့ပါတယ်။

ဦးစိန်ဝင်း၊ ဒုတိယဌာနမှူး
အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)

အတွက် ဝမ်းသာပါတယ်၊ ဂုဏ်လည်းယူပါတယ်"ဟု ပြောကြားပါတယ်။

ဆက်လက်ပြီး ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)၏ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်နှင့်တွေ့ဆုံခဲ့ရာ–

"ကျွန်တော့်အနေနဲ့ စီမံကိန်းကြီး တစ်ရပ်လုံး အကောင်အထည်ဖော်တဲ့နေရာမှာ စီမံခန့်ခွဲ မှုအပိုင်းရော၊ အောက်ခြေလုပ်ငန်းပိုင်းဆိုင်ရာတွေမှာရော၊ အုပ်ချုပ်မှု အပိုင်းမှာပါ ညှိနှိုင်းပေါင်းစပ်ပြီး လုပ်ငန်းချောမွေ့စေရန် တာဝန်ယူရပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာမှာ သက်ဆိုင်ရာ အင်ဂျင်နီယာများကိုတာဝန်ခွဲဝေစေပြီး ဆောင်ရွက်ပါတယ်။ အင်ဂျင် နီယာများကိုလည်း အချိန်ပြည့်ကြီးကြပ်ဆောင်ရွက်ရပါတယ်။ ကျွန်တော့်အထက် အဆင့်ဆင့်က မှာကြားချက်များကို အောက်ခြေအထိ ဖြန့်ဝေပြီး လုပ်ငန်းများ ချောမွေ့စေရန် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောကြားသွားသည်။ (ကြေးမုံ)

မီးဘေးရှောင်
မလောင်ခင်တား

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၁-၃-၂၀၀၆

ကိုကိုးကျွန်း	–	၁ ဒသမ ၃၈ လက်မ
နမ့်စန်	–	၀ ဒသမ ၉၈ လက်မ
မိတ္ထီလာ	–	၀ ဒသမ ၉၄ လက်မ
ပင်လောင်း	–	၀ ဒသမ ၇၉ လက်မ

ကမ္ဘာ့ဈေးကွက်တွင် နေရာရပြီးဖြစ်သည့် ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းတို့ကို တစ်ဝက်တစ်ပြက် ကုန်ချောအဆင့်နှင့် ကုန်ချောအဆင့်ရောက်ရှိအောင် ထပ်ဆင့်တန်ဖိုးမြှင့် ဆောင်ရွက်ရန်လို

* **ရှေ့ဖုံးမှ**

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများမှ ကိုယ်စားလှယ်များ၊ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းများမှ ကိုယ်စားလှယ်များ၊ အသင်းဝင် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးဆိုသည့် စီးပွားရေးဦးတည်ချက်အရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းထုတ်လုပ်ရေးအပိုင်း၊ ရောင်းဝယ်ဖောက်ကားရေးအပိုင်း၊ ဝန်ဆောင်မှုလုပ်ငန်းအပိုင်းများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် အဘက်ဘက်က အားပေးကူညီ ပံ့ပိုးမှုများပြုလုပ်ပေးသည်မှာ အားလုံးအသိဖြစ်ကြောင်း။

ဤသို့ နိုင်ငံတော်၏ အားပေးကူညီမှု၊ နည်းပေးလမ်းပြစီမံထိန်းကျောင်းမှုနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ စသည်တို့တွင် တိုးတက်အောင်မြင်မှုအတွက် အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အောင်မြင်မှုများရရှိအောင် ဦးဆောင်ဦးရွက်ပြုပြီး စည်းရုံး စုစည်းထိန်းကျောင်း ဆောင်ရွက်ပေးနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ကဏ္ဍသည်လည်း အလွန်အရေးပါလာပြီဖြစ်ကြောင်း။

UMFCCI ၏ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံတော်၏ GDP မှာ ရာခိုင်နှုန်း ၉၀ အထိ ပါဝင်နေပြီဖြစ်၍ အားရဖွယ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှုအပိုင်းမှာလည်း ပြီးခဲ့သည့် ၂၀၀၃-၂၀၀၄ခုနှစ်က ဒေါ်လာ ၂ဒသမ ၄ ဘီလီယံဖိုးတင်ပို့သည့်အနက် ပုဂ္ဂလိကကဏ္ဍက ဒေါ်လာ ၁ဒသမ ၃ ဘီလီယံဖိုး တင်ပို့နိုင်သည့်အတွက် ၅၅ဒသမ ၅ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင်လည်း ဒေါ်လာ ၂ဒသမ ၈ ဘီလီယံဖိုး တင်ပို့ခဲ့ရာတွင် ပုဂ္ဂလိကကဏ္ဍက ဒေါ်လာ ၁ဒသမ ၂ ဘီလီယံဖိုး တင်ပို့နိုင်ခဲ့သည့်အတွက် ၄၃ ရာခိုင်နှုန်းကျော် တင်ပို့နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏထဲတွင် ပုဂ္ဂလိကကဏ္ဍသည် ၅၃ဒသမ ၆ ရာခိုင်နှုန်းလောက်အထိ ပါဝင်သည်ကို တွေ့ရကြောင်း။

စိစစ်တင်သွင်းခွင့်ပြု

နိုင်ငံတော်အနေဖြင့် ပို့ကုန်သွင်းကုန်မူဝါဒကို မှန်ကန်စွာ ကျင့်သုံးပြီး ပို့ကုန်လုပ်ငန်းကို အားပေးသည့် ပို့ကုန်ပထမ၊ သွင်းကုန်ဒုတိယစနစ်ကို ချမှတ်ပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်နေသည့် ပစ္စည်းများကိုသာ စိစစ်ပြီးတင်သွင်းခွင့်ပြုနေသည့်အတွက် ၂၀၀၂-၂၀၀၃ ခုနှစ်ကစပြီး ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက်ပိုလာပြီး Trade Surplus ဖြစ်လာသည်ကို တွေ့နေရပြီဖြစ်ကြောင်း။

ယင်းလမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းပြီး ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုလျှင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် တိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံကောင်းများကို ခိုင်မာအောင် ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရေခံ၊ မြေခံနှင့် ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်ထဲတွင် ထည့်သွင်းချမှတ်ထားပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်တစ်ဝန်းရှိ မြေလွတ်၊ မြေလပ်များကို ရှာဖွေဖော်ထုတ်ပြီး ပြည်ပပို့ကုန်သီးနှံများကို ဦးစားပေးစိုက်ပျိုးကြရန် နိုင်ငံတော်နှင့်တကွကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဦးဆောင်စည်းရုံး ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ဤသို့တိုးချဲ့စိုက်ပျိုးမှုက ထွက်ပေါ်လာသည့် သီးနှံများကို ပြည်ပပို့ကုန်အဖြစ် အဆင့်မီအောင် သန့်စင်ခြင်း၊ အရွယ်အစား ခွဲခြားခြင်း၊ အရောင်တင်ခြင်း စသည်ဖြင့် ဈေးကွက်အကြိုက်ဖြစ်အောင် တန်ဖိုးမြှင့် ထုတ်လုပ်ပြုပြင်ခြင်းအားဖြင့် ပြည်ပဈေးကွက်အလယ်တွင် မျက်နှာပန်းလှပြီး ဈေးနှုန်းကောင်းကောင်းရရှိအောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အလားတူပင် ကမ္ဘာ့ဈေးကွက်တွင်နေရာရပြီးဖြစ်သည့် ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းတို့ကိုလည်း တစ်ဝက်တစ်ပြက် ကုန်ချောအဆင့် (Semi Finished Product) နှင့် ကုန်ချောအဆင့် (Finished Goods) အဖြစ်ရောက်ရှိအောင် ထပ်ဆင့်တန်ဖိုးမြှင့် (Value Added) ဆောင်ရွက်နိုင်ရန် လိုအပ်မှာဖြစ်ကြောင်း။

ဤသို့ ထပ်ဆင့်တန်ဖိုးမြှင့်ပေးနိုင်ရန်အတွက် ငွေကြေး၊နည်းပညာနှင့် စက်ကိရိယာပစ္စည်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းသွင်းအားစုများကို ရရှိအောင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် နည်းလမ်းများရှာကြံ ကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည့် အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နာယက၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုဆိုလျှင် ပြည်ပပို့ကုန်အပိုင်းတွင် တိုးမြှင့်နိုင်အောင် ကြိုးပမ်းနေသကဲ့သို့ သွင်းကုန်အပိုင်းတွင်လည်း အမှန်တကယ်လိုအပ်သည့် ပစ္စည်းများကိုသာ ဦးစားပေးတင်သွင်းနိုင်အောင် စိစစ်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် အားပေးမြှင့်တင် ကူညီပံ့ပိုးပေးနေကြောင်း၊ ပြည်ပက နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်များကို တစ်နှစ်ကို ဒေါ်လာ ၂၄သန်းကနေ သန်း ၃၀ ဖိုးခန့်အထိ တင်သွင်းနေရပြီး စားအုန်းဆီဆိုလျှင်လည်း ဒေါ်လာသန်း ၇၀ ဖိုးခန့် တင်သွင်းနေရသည်ကိုတွေ့ရကြောင်း၊ ရော်ဘာများစိုက်ပျိုးဖြစ်ထွန်းနေသည့် မိမိတို့နိုင်ငံတွင် ကားတာယာများကိုလည်း ဒေါ်လာ ၂၈ သန်းဖိုးခန့် ပြည်ပက ဝယ်ယူနေရသေးသည်ကိုတွေ့ရကြောင်း၊ ယင်းပစ္စည်းများသည် ပြည်တွင်း၌ သွင်းကုန်အစားထိုးပစ္စည်းအနေဖြင့် ထုတ်လုပ်နိုင်သည့် ပစ္စည်းမျိုးများဖြစ်သည့်အတွက် ပြည်တွင်းပုဂ္ဂလိက စက်ရုံအလုပ်ရုံများကို တိုးတက်ဖွံ့ဖြိုးလာအောင် အဆင့်မြှင့်ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ကြောင်း။

ဤသို့ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများနှင့် ပြည်ပပို့ကုန် စက်မှုကုန်ချောများ တိုးချဲ့မြှင့်တင်ရေးလုပ်ငန်းများကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ်နှင့်တကွ အသင်းချုပ်၏ အသင်းဝင် ညီနောင်အသင်းများကလည်း အထူးအာရုံစိုက်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

တိုးချဲ့ဖွဲ့စည်းသွား

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အောက်တွင် ကုန်ပစ္စည်းအလိုက် အသင်းများ၊ လုပ်ငန်းအလိုက်အသင်းများအပြင် စိုက်ပျိုးထုတ်လုပ်သူ အသင်းများကိုလည်း တိုးချဲ့ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အရေးကြီးသည့် သီးနှံများဖြစ်သည့် ဆန်စပါး၊ ဆီအုန်း၊ ရော်ဘာနှင့်တကွ လယ်ယာကိုင်းကျွန်းထွက် သီးနှံပစ္စည်းနှင့် ဥယျာဉ်ခြံမြေသီးနှံပစ္စည်းများအတွက် စိုက်ပျိုးထုတ်လုပ်သူများ အသင်းငါးသင်း ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထုတ်လုပ်မှုအသင်းလည်း လိုအပ်လျှင် ဖွဲ့စည်းရမှာဖြစ်ကြောင်း။

ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို ပြုလုပ်သည့်အခါတွင် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်မှုရရှိအောင် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် (Contract Farming)စနစ်ကို ညှိနှိုင်းကျင့်သုံး စမ်းသပ်ဆောင်ရွက်ကြရန်လည်း လိုအပ်မှာဖြစ်ကြောင်း၊ ယင်းကိစ္စမှာလည်း ပိုမိုအဆင်ပြေ ချောမွေ့မှုရှိအောင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်တကွ သက်ဆိုင်ရာစိုက်ပျိုးထုတ်လုပ်သူနှင့် မွေးမြူသူအသင်းများက ကြီးကြပ်ညှိနှိုင်းပေါင်းစပ်ပြီး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်းတွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြည်တွင်းပြည်ပဆောင်ရွက်မှုများကို လေ့လာသုံးသပ်ကြည့်လျှင် အောင်မြင်မှုများရရှိနေသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်းတွင် အသင်းသားဦးရေ ၁၅၅၀တိုးလာ၍ စုစုပေါင်း ၁၅၂၄၅ဦး ဖြစ်လာခြင်း၊ အသင်းဝင် အသင်းခုနစ်သင်း တိုးလာ၍ ၅၁သင်း ဖြစ်လာခြင်း၊ ပြည်ပဧည့်သည် ၅၇၃ဦးကို အသင်းချုပ်အနေနှင့် လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ခြင်း၊ ပြည်ပသင်တန်း၊ အစည်းအဝေးနှင့် ဆွေးနွေးပွဲများကို အသင်းသား ၂၇၀ စေလွှတ်နိုင်ခဲ့ခြင်း၊ ပြည်ပနိုင်ငံများမှာ ကျင်းပသည့် နိုင်ငံတကာ ပြပွဲပေါင်း ၂၉ပွဲကို အသင်းသားပေါင်း ၇၃၉ဦး စေလွှတ်ပြီး အင်တိုက်အားတိုက် တက်ရောက်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်နိုင်ခြင်းတို့သည် ထင်ရှားသည့်အောင်မြင်မှုများအဖြစ် တွေ့မြင်ရကြောင်း။

ယင်းသို့ တက်ရောက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်သည့်အပြင် နိုင်ငံတကာပြပွဲများတွင် အကောင်းဆုံးပြခန်းဆုများ ချီးမြှင့်ခံရခြင်း၊ Miss ASEAN 2005 ပြိုင်ပွဲတွင် Miss Talent ဆု ရရှိခဲ့ခြင်းတို့သည်လည်း ထူးခြားသည့် အောင်မြင်မှုများဖြစ်သည်ကို တွေ့ရကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

မဟာမဲခေါင်မြစ်ဝှမ်းဒေသက ခြောက်နိုင်ငံ ပါဝင်သည့် Greater Mekong Subregion-Business Forum (GMSBF) ၏ ဥက္ကဋ္ဌတာဝန်ကို ကုန်သည်စက်မှု အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၀၃ခုနှစ် အောက်တိုဘာလမှ ၂၀၀၅ခုနှစ် နိုဝင်ဘာလအထိ နှစ်နှစ်တာကာလအတွင်း တာဝန်ယူပြီး အောင်မြင်မှုများရရှိအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြရမှာဖြစ်ကြောင်း။

ပုဂ္ဂလိကကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်၏ သင်တန်းဗဟိုဌာနတွင် ပုံမှန်သင်တန်းများနှင့် အထူးသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုများနှင့် UMFCCI Training Centre ကို Centre of Excellence(COE) အဖြစ် အသိအမှတ်ပြုပြီး အကူအညီများပေးခြင်း၊ The World HRD Congress က

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကို HR Leadership Award ချီးမြှင့်ခြင်းတို့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြရမှာဖြစ်ပါကြောင်း။

အသင်းချုပ်အဆောက်အအုံအသစ်ကိုလည်း နိုင်ငံတကာအဆင့်မီ အမြန်မွမ်းမံပြီးစီးအောင် ကြိုးပမ်းဆောက်လုပ်ကြရန် တိုက်တွန်းလိုကြောင်း၊ ယင်းအဆောက်အအုံကြီး ဆောက်လုပ်ပြီးစီးရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည့် စေတနာရှင်များကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေနှင့်-

- **အသင်းသားအရေအတွက် တိုးတက်ရေး၊ ဝင်ရောက်ထားပြီး အသင်းသားများ ပိုမိုကျစ်လျစ်ခိုင်မာအောင် အသင်းဝင်များနှင့် စဉ်ဆက်မပြတ် ထိတွေ့စည်းရုံးရေး။**
- **မြေလွတ်မြေလပ်များတွင် ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့ရေး၊ ပို့ကုန်အမည်သစ်များ ရှာဖွေဖော်ထုတ်ရေး။**
- **ပို့ကုန်ပစ္စည်းများကို ထပ်ဆင့်တန်ဖိုးမြှင့် (Value added) ပြုလုပ်ရေး။**
- **ပြည်ပဈေးကွက်အသစ်များရှာဖွေရေး၊ ရရှိထားပြီးဈေးကွက်များကို ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အဆောက်အအုံသစ် တည်ဆောက်ရေးအတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

လုံးဆိုင်ရာ တမီးလ်ဟိန္ဒူဖောင်ဒေးရှင်း၏ လှူဒါန်းငွေကျပ် သိန်း ၃၀၊ ဦးစိန်ဝင်းလှိုင်(အထွေထွေအတွင်းရေးမှူး ကုန်သည်/စက်မှုအသင်းချုပ်) မြန်မာထွင့်ခေါင်ကုမ္ပဏီ၊ ဒေါက်တာကိုကိုကြီး(ဗဟိုအလုပ်အမှုဆောင် ကုန်သည်/စက်မှုအသင်းချုပ်) ဒိုင်းမွန်းစတားကုမ္ပဏီ၊ဦးကိုကိုထွေး (ဗဟိုအလုပ်အမှုဆောင် ကုန်သည်/စက်မှုအသင်းချုပ်) တော်ဝင်မိသားစုကုမ္ပဏီ၊ ဦးစောလှိုင် (အလုပ်အမှုဆောင် ကုန်သည်/စက်မှုအသင်းချုပ်) လုကမ္ဘာကုမ္ပဏီ၊ ဦးကျော်အောင်(Benhur Co.,)နှင့် ဦးကျော်လင်းနှင့် ဦးကျော်စိန် (ကျော်ညီအစ်ကိုကုမ္ပဏီ)တို့၏ လှူဒါန်းငွေကျပ် ၁၀သိန်းစီတို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့် မိသားစု၊ ဦးသိန်းဟန်(တိုကျိုပိုက်)မိသားစု၊ ဦးတင်မြင့် မိသားစု၊ ဦးအောင်သန်းဦး မိသားစုနှင့် ဒေါက်တာစိန်မြင့် မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်နှင့် ဦးဇော်ဇော်နိုင်တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးမောင်မောင် (Asia Express) က ငွေကျပ် ၁၀သိန်း၊ ဦးထွန်းအောင် (တော်ဝင်ထွန်းကုမ္ပဏီ)၊ ဦးစိုးမြင့်၊ ဒေါက်တာမျိုးသက်၊ ဦးလှမောင်၊ ဦးစိန်သန်းနှင့် ဦးငြိမ်းအောင်တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးထွန်းရင်၊ မြန်မာနိုင်ငံ အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်များအသင်း၊ ဦးမျိုးသန့်နှင့် သီရိသုခမ္မသီဂီ ဒေါ်အေးမြတ်နွယ်တို့က ငွေကျပ် တစ်သိန်းစီနှင့် မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ငွေ ၁၀၀၀၀၀ ကျပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အသင်းချုပ်အဆောက်အအုံသစ် တည်ဆောက်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေ ၈၃၄၀၀၀၀၁ ကျပ်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

- နယ်စပ်ကုန်သွယ်မှုမှ ပုံမှန်ကုန်သွယ်မှုစနစ်ကို ပြောင်းလဲလုပ်ကိုင်ရေး။
- ပြည်ပဧည့်သည်များကို ဆက်သွယ်ဖိတ်ခေါ်ပြီး အပြန်အလှန်ကုန်သွယ်မှုပြုလုပ်ရေး၊ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံရေးတို့ကို ရှင်းလင်းဆွေးနွေးရေး။

တို့ကို အသင်းသားများ၊ အသင်းဝင်အသင်းများနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းရင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုနိုင်ပါစေ၊ အေးချမ်းသာယာဝပြော၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး အမြန်ပေါ်ထွန်းလာရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြပါစို့ဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၅-၂၀၀၆ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသော အသင်းသားများထံမှ အတည်ပြုချက်ရယူသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံအသစ် တည်ဆောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဦးတေဇ (ထူးထရိတ်ဒင်းကုမ္ပဏီ)၏ လှူဒါန်းငွေ ကျပ်သိန်း ၁၅၀၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ-ကုန်သည်/စက်မှုအသင်းချုပ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ရွှေနဂါးမင်းကုမ္ပဏီ၏ လှူဒါန်းငွေ ကျပ်သိန်း ၁၁၀ နှင့် ဦးဌေးမြင့်(ဒုတိယဥက္ကဋ္ဌ ကုန်သည်/စက်မှုအသင်းချုပ်) ယုဇနကုမ္ပဏီ၊ ကမ္ဘာဇဘဏ်လီမိတက်၊ ဦးထွန်းမြင့်နိုင် (Asia World Co., Ltd)၊ တရုတ်ကုန်သည်များအသင်းတို့၏ လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ စီနှင့် ဦးကျော်ဝင်း (ဗဟိုအလုပ်အမှုဆောင် ကုန်သည်/စက်မှုအသင်းချုပ်) ရွှေသံလွင်ကုမ္ပဏီ၏ လှူဒါန်းငွေကျပ်သိန်း ၅၀ တို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက မြန်မာနိုင်ငံ

ကမ္ဘာ့အကြီးဆုံး မြေအောက်ဓာတ်အားခွဲရုံ ရှန်ဟိုင်း၌ တည်ဆောက်မည်

ရှန်ဟိုင်း မတ် ၃၁

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့တွင် လျှပ်စစ်ဓာတ်အား ကီလိုဗို့ ၅၀၀ ရှိ မြေအောက်ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ရန် မတ် ၂၄ ရက်က အုတ်မြစ်ချခဲ့ကြကြောင်း၊ ယင်းဓာတ်အားခွဲရုံ ဆောက်လုပ်ပြီးစီးသည့်အခါတွင် ယင်းမှာ ကမ္ဘာ့အကြီးဆုံး မြေအောက်ဓာတ်အားခွဲရုံဖြစ်လာမည်ဟု မျှော်မှန်းရကြောင်း မတ် ၃၁ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းသို့ လုပ်ငန်းစတင်လိုက်ခြင်းသည် ရှန်ဟိုင်းဓာတ်အားခွဲရုံ တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံ ဂရစ် ကော်ပိုရေးရှင်းက အမေရိကန်ဒေါ်လာ ၈ဒသမ ၄ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် အကြီးလုပ်ငန်းဆောင်ရွက်ချက်ဖြစ်ကြောင်း စီမံကိန်းဖွင့်ပွဲ အခမ်းအနားတွင် ကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ လျူဇင်ယာက ပြောကြားသည်။

ရှန်ဟိုင်း မြေအောက် ဓာတ်အားခွဲရုံကို ကီလိုဗို့အား ၅၀၀ ရှိ ပင်မထရန်စဖော်မာသုံးလုံးနှင့် ကီလိုဗို့အား ၂၂၀ရှိ ထရန်စဖော်မာ သုံးလုံးဖြင့် တပ်ဆင်ထားမည်ဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် လည်ပတ်ရန် စီစဉ်ထားသည်။ အဆိုပါ မြေအောက်ဓာတ်အားခွဲစက်ရုံ၏ အထက်မြေပြင်တွင် ပန်းပုဥယျာဉ်တစ်ခုကို တည်ဆောက်ရန်လည်းရှိသည်။

ယင်းဓာတ်အားခွဲရုံသည် ရှန်ဟိုင်းမြို့ပြဒေသတွင် တွေ့မြင်ရမည့် ပထမဦးဆုံးသော အကြီးစား ဓာတ်အားခွဲရုံဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးနှင့် ခေတ်အမီဆုံး ဓာတ်အားခွဲရုံ ဖြစ်လာမည်ဖြစ်ကြောင်း လျူက ပြောကြားသည်။

ရှန်ဟိုင်းမြို့အတွက် မြင့်တက်လာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ယင်းဓာတ်အားခွဲရုံကို တည်ဆောက်ရခြင်း ဖြစ်သည်။ အထူးသဖြင့် ရှန်ဟိုင်းမြို့၌ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲအတွက် ဖြစ်သည်။ ထိုအချိန်တွင် ရှန်ဟိုင်းမြို့၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၁၂၅ ဘီလီယံ ကီလိုဝပ်နာရီ ရှိလာမည်ဖြစ်ပြီး အမြင့်ဆုံး လျှပ်စစ်ဓာတ်အားပမာဏမှာ ကီလိုဝပ် ၂၆ သန်းရှိမည်ဟု ကော်ပိုရေးရှင်းက ခန့်မှန်းထားသည်။

အင်တာနက်



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ မဟာဓာတ်အားပေးလိုင်း ကွန်ရက်စနစ်။
(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် သတင်း

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင် ဆန်စက်လုပ်ငန်းရှင်များနှင့် ဆန်စပါးလုပ်ကိုင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း နာယက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းခွဲဥက္ကဋ္ဌများက မိမိတို့ ပြည်နယ်နှင့်တိုင်း အတွင်းရှိ ဆန်ဈေး၊ စပါးဈေးအခြေအနေ၊ နွေစပါး စိုက်ပျိုးထွက်ရှိမှု အခြေအနေ၊ ဆန်စက်များ ကြိတ်ခွဲလည်ပတ်မှုနှင့် ရောင်းချတင်ပို့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သီတဂူ ကြယ်တစ်ပွင့်၏ ဓမ္မသဘင်

ရန်ကုန် မတ် ၃၁

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သာသနဓဇဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဧပြီ ၈ရက် ညတွင် နဘဲပင်ရွာ စဉ့်ကိုင်မြို့နယ်၊ ၉ ရက်ညတွင် ဌေးအောင်ရွာ မြိုင်မြို့နယ်၊ ၁၀-၁၁-၁၂ရက် ညများတွင် ဆူးဝင်းရွာ မြိုင်မြို့နယ်၊ ဧပြီ ၁၃ရက်မှ ၁၆ရက် ညအထိ အမရဝတီကျောင်းတိုက် ကုန်းတလဘောင်ရွာ မင်္ဂလာဒုံမြို့နယ်၊ ၁၇ ရက် ညတွင် အလတ်ချောင်းရွာ ကြည့်မြင်တိုင်မြို့နယ်၊ ၁၈-၁၉ရက် ညများတွင် ယုဇနဓမ္မာရုံ ၂ရပ်ကွက်၊ မြောက်ဥက္ကလာ ရန်ကုန်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် - မြန်မာပြည်သားအရှင်ပုဏ္ဏ**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၁၅** ၄။ မြန်မာ့ရှုခင်း
- **၁၂:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၅၀** ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - ပြေးသာပြေးပါ (အပိုင်း-၁)**
- **၁:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၉** ၈။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၉။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၅။ ခါသကြီန်အဆိုအကများ
- **၄:၄၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၁၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၃၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၄၀** ၉။ ခါသကြီန်အဆိုအကများ
- **၅:၅၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ ဆပ်ကပ်
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၁၂)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **English Premier League ဘောလုံးပွဲအစီအစဉ် - Newcastle United Vs Tottenham Hotspur(Delay)**
- .... ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ ခါသကြီန်အဆိုအကများ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Gramear Made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၆။ နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
- ၁၂:၅၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁:၀၅ ၈။ **လောကနီတိ(၂) "မိတ်ကောင်းဖော်မွန်" (ကိုကိုလင်းမောင်၊ မျိုးသန္တာထွန်း၊ ခင်လှိုင်၊ ချစ်စရာ) (ဒါရိုက်တာ-ခင်ဇော်)**
- ၁:၅၀ ၉။ သန့်ရှင်းသပ်ရပ်ဖွံ့ဖြိုးသာယာ မြို့မန္တလာ
- ၂:၀၀ ၁၀။ အဆိုပြိုင်ပွဲ
- ၂:၁၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၂၅ ၁၂။ အတီးပြိုင်ပွဲ
- ၂:၃၀ ၁၃။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ" (မောင်မောင်မြင့်၊ စိန်ဂွက်ထော်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၂:၃၅ ၁၄။ လယ်ယာစီးပွား မြင့်မားစေရန် ပဒဲရေလှောင်တမံ
- ၂:၄၅ ၁၅။ International News.
- ၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၀ ၄။ အရေးပြိုင်ပွဲ
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၅ ၇။ နားဝင်ပီယံသူ့လက်သံ
- ၅:၂၅ ၈။ ခါသကြီန်အဆိုအကများ
- ၅:၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ Discovery
- ၆:၅၀ ၁၃။ စည်ကမ်းထိန်းသိမ်းစောင့်ရှောက်ပါ မြန်မာ့ရိုးရာမဟာသင်္ကြန်မှာ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၃)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၃၅)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆–၃–၂၀၀၆နေ့အထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈–၃–၂၀၀၆နေ့မှ ၂၆–၃–၂၀၀၆နေ့အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်–

(က) ကြက်သေဆုံး/ဖျက်ဆီးမှု

ကြက်များ စတင်သေဆုံးကာလမှ ၂၆–၃–၂၀၀၆ နေ့အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး) တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၃ ခြံ၊ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင် (ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၉ ခြံ၌ မွေးမြူထားရှိသည့် ကြက် ၁၁၁၉၁၉ ကောင်အနက် ၂၀၆၀ ကောင်သေဆုံးပြီး ၉၆၁၅၉ ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင် အတွင်း ကြက် ၈၇၉၁ ကောင်သေဆုံးပြီး ၁၂၀၉၉၅ ကောင်နှင့် ကြက်ဥ ၅၆၀ လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ခ) ငုံးသေဆုံး/ဖျက်ဆီးမှု

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ ၄၄ ခြံမှ ငုံး ၁၁၅၆၅၀ ကောင်၊ ငုံးဥ ၅၀၅၁၅ လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁ နှင့် ငုံးဥ ၅၀၅၁၅ လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ဂ) ကြက်တုပ်ကွေးဗိုင်းရပ်(စ်)နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု

ကနဦးကြက်သေဆုံးမှုသတင်းရရှိသည့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေးခြံ ၄၇ ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ ခုရယူ၍ ချက်ချင်းအဖြေရ စမ်းသပ်စစ်ဆေးနည်း (Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း (HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း (HI)နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ ၃၅ခြံ၏ နမူနာ ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး H5 N1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်၏လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ ရပ်ကွက်အာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြားပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျှင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသောခြံမှ ၁ ကီလိုမီတာပတ်ပတ်လည်အတွင်း မွေးမြူထားသည့်ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention) အတွက် ကြက်များကို ဖျက်ဆီးခြင်းပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀ လုံးတို့ကို စနစ်တကျ ဖျက်ဆီးခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း၊ မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်းပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ ၃ ကီလိုမီတာနှင့် ၇ ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ် သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများသယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့်အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှုလျော့ကျပြီး ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီဖြစ်ပါသည်။

၃။ **၂၆–၃–၂၀၀၆နေ့အထိ နောက်ဆုံးအခြေအနေ။** ရွှေဘို၊ ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရွာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ်တစ်ခုလုံး အနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။** ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantanee နှင့် အမေရိကန်နိုင်ငံ USAID မှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthur တို့သည် ၁၆–၃–၂၀၀၆နေ့မှ ၁၈–၃–၂၀၀၆နေ့အထိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ် ထောက်ပံ့ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါစစ်ဆေးရေး ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ FAO, JICA နှင့် ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ်လုပ်ငန်းသုံးပစ္စည်းများ အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးခန့် လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန (DLD)တို့မှ ကြက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကျွမ်းကျင် ပညာရှင်သုံးဦးတို့သည် (FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈–၃–၂၀၀၆နေ့မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသများသို့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည်ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ ရပ်ရွာပညာပဒေသာ ဌာနများအတွက် စာအုပ်နှင့် စာနယ်ဇင်းများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယကများထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃၁

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် "စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး နည်းပြသင်တန်း" သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ယုဝတီဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ထုထုအောင်က သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးစောအောင်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ရပ်ရွာပညာပဒေသာဌာနများအတွက် စာအုပ်နှင့် စာနယ်ဇင်းများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သင်တန်းသူများကိုယ်စား တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှဒေါ်တင်ဥက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက်(၀၇၀၀)နာရီမှ (၁၈၀၀)နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်း မပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မိုင်းလီချောင်းရိုး ကျောက်ချောလမ်းဖွင့်

ရန်ကုန် မတ် ၃၁

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသည့် မိုင်းလီချောင်းရိုးကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၉နာရီခွဲတွင် အဆိုပါ လမ်းဖွင့်ပွဲမှုခ်ဦး၌ ကျင်းပသည်။

အဆိုပါ မိုင်းလီချောင်းရိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲမွန်က လမ်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား မင်္ဂလာရပ်ကွက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းမှာ အကျယ် ၁၂ပေ၊ အရှည်ပေ ၂၃၃၀ ရှိပြီး ၂၀၀၅-၂၀၀၆ ခုနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်း အီကွေဒေါ်အသင်းကို ဂျပန်အသင်း အနိုင်ရ

အိုအိတ(ဂျပန်) မတ် ၃၁

ဇွန်လတွင်ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဂျပန်အသင်းနှင့် အီကွေဒေါ်အသင်းတို့ ဂျပန်နိုင်ငံ အိုအိတမြို့တွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ ဂျပန်အသင်းက အီကွေဒေါ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဂျပန်အသင်းအတွက် အနိုင်ဂိုးကို လူစားထိုးဝင်ရောက်လာသည့် တိုက်စစ်မှူး ဟီဆာတိုဆာတိုက ပွဲပြီးဆုံးရန် ငါးမိနစ်အလိုတွင် သွင်းယူခဲ့သည်။

ဘရာဇီးနိုင်ငံဖွား အလက်ဇန်ဒရို အေးလက်စ်ဆန်တို့စ်သည် ကွင်း၏ ဝဲတောင်ဘက်မှ လှလှပပ ဖြတ်ပို့ပေးလိုက်သောဘောလုံးကို တိုက်စစ်မှူး ဆာတိုက ထောင့်ဖြတ်ကန်သွင်းလိုက်ရာ ဂိုးဝင်သွားခဲ့ခြင်း ဖြစ်သည်။

ယခုပွဲတွင် မိမိတို့ကစားကွက်များ ကောင်းမွန်ပြီး ဂိုးသွင်းနိုင်ရန် အခွင့်အလမ်းများရရှိခဲ့ကြောင်း၊ သို့ရာတွင် အီကွေဒေါ်ဂိုးသမားက ဂိုးမပေးရစေရန် ကာကွယ်နိုင်ခဲ့ကြောင်း ဆာတိုက ဘောလုံးပွဲအပြီးတွင် ပြောကြားသည်။

ပွဲစတင်ကစားချိန်တွင် ဂျပန်အသင်းမှာ သွက်သွက်လက်လက် မရှိဘဲ လေးကန်ဖင့်နွဲ့နေခဲ့ပြီး ဘောလုံးအပေးအယူကောင်းစွာ လုပ်ဆောင်နိုင်ခြင်းမရှိပေ။

ဂျပန်အသင်းမှ ဟီဆာတိုဆာတို (ယာ) **က အီကွေဒေါ်အသင်းဘက်သို့ ဂိုးသွင်းလိုက်ပြီးနောက် အောင်ပွဲခံနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

စည်းဝါးမှန်ကန်

သို့ရာတွင် ဂျပန်အသင်းမှ မစ်ဆုအို အိုဂါဆာဝါရာက ဖရီးကစ်ကန်သွင်းရာမှ ပြစ်ဒဏ်ဘော ဧရိယာအတွင်းသို့ ဘောလုံးရောက်ရှိလာခဲ့ချိန်နောက်ပိုင်းမှစ၍ ဂျပန်အသင်းများ ကစားပုံ စည်းဝါးမှန်ကန်လာခဲ့သည်။ယင်းအနေအထားတွင် ဂိုးရရှိနိုင်သော်လည်း အိုဂါဆာဝါ ကန်သွင်းသောဘောလုံးမှာ ဘားတန်းကိုကျော်၍ ထွက်သွားခဲ့သည်။

ကာကွယ်နိုင်

ဂျပန်အသင်းက တစ်စစဖြင့် ဖိအားပေး ကစားလာနိုင်သော်လည်း ဧည့်သည်အသင်းမှာ ပြန်လည်တုံ့ပြန်ကစားခဲ့သည်။ ပွဲချိန် ၆၈မိနစ်တွင် ဂျပန်တိုက်စစ်မှူး ကူဘိုက ခေါင်းတိုက်၍ ဂိုးသွင်းနိုင်ရန် ကြိုးပမ်းခဲ့ပြီး ယင်းနောက်တွင် ဖေယင်နူးကွင်းလယ်ကစားသမား ရှင်ဂျီအွန်တိုက အနီးကပ် ဂိုးသွင်းနိုင်ရန် ထိုးဖောက်ခဲ့သော်လည်း အီကွေဒေါ်ဂိုးသမားက ကာကွယ်နိုင်ခဲ့သည်။ **အင်တာနက်။**

The Mirror

ပြည်ပ အားကစား သတင်းများ

ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစား

ဆီဗီးလ်(စပိန်) မတ် ၃၀

ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်ကို ကြာသပတေးနေ့က ကျင်းပသည်။ စပိန်နိုင်ငံ ဆီဗီးလ်မြို့တွင် ကျင်းပသည့်ပွဲတွင် ဆီဗီလာအသင်းက ရုရှားကလပ်အသင်းဖြစ်သည့် ဇီးနစ်စိန့်ပီတာစဘတ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်တော့မည်ဖြစ်သည်။



မတ် ၃၀ ရက်က စပိန်နိုင်ငံ ဆီဗီးလ်မြို့တွင် ကျင်းပသော ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ပထမအကျော့ပွဲတွင် ဆီဗီလာအသင်းမှ အက်ဒရီယာနို ကော်ရီယာ (ဝဲ) **နှင့် ဇီးနစ်စိန့်ပီတာစဘတ်အသင်းမှ ရာဒက်ဆာလ်တို့ ဘောလုံးယှဉ်လုကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အဖွင့်ဂိုး

ပွဲကစားချိန် ၁၅မိနစ်မျှသာကြာမြင့်သေးချိန်တွင် ဆီဗီလာအသင်းက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဆီဗီလာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဟာဗီးယားဆာဗီယိုလာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၄၄မိနစ်တွင် ကာဇာကော့ဗ်က ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။

ဒုတိယမြောက်ဂိုး

ပွဲချိန် ၅၅မိနစ်တွင် ကွင်းလယ်ကစားသမား မာတီက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့ပြီး ပွဲချိန် ၇၉ မိနစ်တွင် ဆာဗီယိုလာက ၎င်း၏ ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။

ဒဏ်ရာရ အစားထိုးလေလွင့်ချိန်တွင် အက်ဒရီယာနိုကော်ရီယာက အနိုင်ဂိုး သွင်းယူခဲ့သည်။

ယခုပွဲတွင် ရုရှားအသင်းမှ ကစားသမားနှစ်ဦး ထုတ်ပယ်ခံခဲ့ရသည်။

အခြားပွဲ ရလဒ်များ

ရက်ပစ်ဘူခါရက်-စတူအာဘူခါရက် (၁-၁)

လက်ဗ်စကီးဆိုဖီယာ-ရှာကယ် (၁-၃)

ဘေဆယ်-မစ်ဒယ်ဘရော့(၂-၀)။

အင်တာနက်။

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် မြင်သာ(၁၄/၂)ရပ်ကွက် ကျေးတမာလမ်း ဇေတဝန်အောင်စံ ပရိယတ္တိစာသင်တိုက်အတွင်းရှိ တည်ဆောက်ဆဲ သဒ္ဓမ္မဇောတိက သိမ်ကျောင်းဆောင်အတွက် ကိုအောင်ထွန်းခိုင်-မဌေးဌေးရီ (အောင်ဆုထူးပိုင်)တို့က အလှူငွေကျပ်နှစ်သိန်းကို မတ် ၁၃ရက်က သိမ်ဖြစ်မြောက်ရေးအဖွဲ့ နာယကဦးအောင်မျိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွယ်လွန်သူ ဦးကြီးမြင့်(၅)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းနေ ဒေါ်စိန်စိန်၊ သမီး-ဒေါက်တာဒေါ်ဥမ္မာမြင့်(မျက်စိအထူးကုဆရာဝန်)မိသားစုက ဒဂုံမြို့နယ်၊ အမှတ်(၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် သုံးသိန်းကို တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကမ္ဘာ့ဗုဒ္ဓဝိပဿနာကျောင်းတိုက် ကမ္ဘာအေးဆရာတော် ဘဒ္ဒန္တပညာဒီပ၊ အဖွားဒေါ်ခင်၊ နှစ်ဖက်မိဘများနှင့် ဇနီးဒေါ်ခင်ခင်လှိုင်တို့အားရည်စူး၍ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်(၃၇)ရပ်ကွက်၊ သမိန်ဗရမ်းလမ်းနေ ဦးမျိုးအောင်၊ သမီးမအေးသီဝံမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ၁၁၁၁၁၁ကျပ် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။ (က-ပ)

ညောင်ဦးမြို့ သမိုင်းဝင်အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)နှင့် အမှုဆောင်များ၊ဦးကျော်စိုးဦး(ဦးစီးအရာရှိ၊တာဝန်ခံမြန်မာ့ရုပ်/မြင်)နှင့် အလှူရှင်များက အလှူငွေကျပ် ၁၁၇၀၀၀ ပေးအပ်လှူဒါန်းပွဲကို မတ်၂၄ရက်က ဆီမီး ၉၉၀၀အဖွဲ့ရုံး အင်းစိန်၌ ကျင်းပရာ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ဝင်ဦးမြဝင်း၊ ရုံးအဖွဲ့မှူး ဦးကံထွေးထံ ဆီမီး ၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် ဦးကျော်စိုးဦးတို့က ပေးအပ်လှူဒါန်းစဉ်။ (၆၁)

ရွှေမင်းဝံအဂ္ဂမဟာပူဇော်ပွဲကျင်းပမည်

ရန်ကုန်   မတ်   ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တသောဘန(မဟာကမ္မဋ္ဌာနာစရိယ)မထေရ်အား အဂ္ဂမဟာပူဇော်ပွဲနှင့် သီဟသုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော ရှမ်းလေးမဟာဓမ္မဗိမာန်တော် ကျောင်းအမကြီး ဒေါ်ကြူကြူသင်းအား ချီးကျူးပူဇော်ပွဲကို ၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း ၅ရက်၊ ၂-၄-၂၀၀၆ရက်(တနင်္ဂနွေနေ့)နံနက်ရနာရီတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ မဟာဓမ္မဗိမာန်တော် အပေါ်ထပ်၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုနိုင်ပါကြောင်းသိရသည်။ (က-ပ)

ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း နွေရာသီ န၀မတန်းနှင့် ဒသမတန်း အခမဲ့သင်ကြားပေးမည်

ရန်ကုန်   မတ်   ၃၁

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရအရှင်သူမြတ်ကကြီးမှူး၍ နွေရာသီ န၀မတန်းနှင့် ဒသမတန်း သိပ္ပံ(Bio)ဘာသာတွဲ၊ သိပ္ပံ(Eco)ဘာသာတွဲများကို ကျောင်းသား၊ ကျောင်းသူများပညာရည်တိုးတက်စေရန်အတွက် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ တက်ရောက်လိုသူများ ဝင်ခွင့်ပုံစံများကို ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် စတင်ထုတ်ယူနိုင်ပြီး ပြဋ္ဌာန်းဘာသာ တွဲများအပြင် ယဉ်ကျေးမှုပထမဆင့်၊ ဒုတိယဆင့်၊ အဘိဓမ္မာပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များပါ သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ကုသိုလ်ဖြစ် B.Ed နှင့် M.Scအောင်မြင်ပြီးဆရာအဖြစ် သင်ကြားလိုသူများ ဆရာတော်ထံ စာရင်းပေးနိုင်ပြီး ရပ်ဝေးမှ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို စားသောက်ရေး၊ စာရေးကိရိယာနှင့် နေထိုင်စရာ အခမဲ့ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နမ့်ခမ်းမြို့၌ မိုင်းပွန်ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန်   မတ်   ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၊ မိုးခမ်းရပ်ကွက်အတွင်း မိုင်းပွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၇ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်ဖွင့်ပွဲမှခ်ဦး၌ ကျင်းပသည်။

အဆိုပါလမ်းသစ်ဖွင့်ပွဲသို့ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာနမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းသစ်မှာ အရှည်ပေ ၁၃၅၀၊ အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၅၀ ဒသမ ၃၆ သိန်းကုန်ကျကြောင်း သိရသည်။ (မြို့နယ်ထွေ/အုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၆ (စနေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (VES မြန်မာ)
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ နွေစပါးစိုက်ပျိုးမှုနည်းပညာ
- ၇:၃၅ တေးဂီတအစီအစဉ်
- ၇:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၇:၄၅ ဒဟတ်ပန်းတစ်ခိုင် (မင်းမော်ကွန်း၊မြသန္တာလီ)
- ၈:၀၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ပုစွန်ချဉ်စပ်ဟင်း)
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၄၀ ဖန်ချက်စက်ရုံ(သန်လျင်)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ Music Talk
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၃၅ အသည်းရောင်အသားဝါ(စီ)ရောဂါအကြောင်း ဟောပြောချက်(အပိုင်း-၃)
- ၉:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၀ ကိုင်းကူးကိုင်းဆက်
- ၁၀:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅ Celebrity Profile (ဝင်းဦး) (ဒေါက်တာဇော်သန်း၊ စန္ဒရားမျိုးနိုင်၊သန်းမြတ်စိုး)
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ကန်တော်ကြီးရေချိုငါးဥယျာဉ် (အပိုင်း-၂)
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

- ၄:၃၀ ပရီမီယာပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူးတင်မောင်ဆွေ၊နေမျိုးသူရ၊ပြည့်ဖြိုးဟန်)
- **လိုင်း** 5-Sports
- ၅:၃၀ ပွဲကြိုသုံးသပ်ချက်(၂)
- **လိုင်း** 5-Sports(Live)
- ၆:၁၀ Birmingham-Chelsea
- **လိုင်း** 5-Sports(Live)
- ၈:၂၅ Bolton-Manchester United
- **လိုင်း** 5-Sports(Live)
- Newcestle-Tottenham
- **လိုင်း** 5-Movies(Live)
- Everton-Sunderland
- **လိုင်း** 5-Cartoons (Live)
- ၁၁:၀၀ Arsenal-Aston Villa
- **လိုင်း** 5-Sports(SDD)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်၊
၂။ ကစားသူ ထောင်(၃)နှစ်၊
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က)မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီးမြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ)အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ)တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ကြီးမှူး၍ ပထမအကြိမ် စာပေဟောပြောပွဲကို မတ် ၂၆ရက်က ဝိုင်အမ်စီအေခန်းမ၌ ကျင်းပရာ အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဖေဝင်း စာရေးဆရာသုမောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (၃၁)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ထည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန် ဓာတ်ဆီထည့်ခြင်းမှ သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနမှ နှိုးဆော်အပ်ပါသည်။

အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက်ဘောလုံးပွဲ ကမ္ဘောဇက လယ်ယာ/ထွက်ကုန်ကို အနိုင်ရ

ရန်ကုန် မတ် ၃၁

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက လယ်ယာ/ထွက်ကုန်အသင်းကို တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ကမ္ဘောဇအသင်း တစ်ဂိုး (ရာဇာစိုး)

လယ်ယာ/ထွက်ကုန်အသင်း ဂိုးမရှိ ဒိုင်လူကြီး ဦးထွန်းရှင်

အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံစဉ်က အရှုံးအနိုင်မပေါ်ဘဲ တစ်ဂိုးစီ သရေကျခဲ့သော နှစ်သင်း ယခုကွင်းပိတ်ပြိုင်ပွဲတွင် ထပ်မံတွေ့ဆုံရာ ကမ္ဘောဇအသင်းက တစ်ဂိုးတည်းဖြင့် ပွတ်ကာသီကာ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ကမ္ဘောဇအသင်းတွင် အမာခံအချို့ မပါဝင်၍ အကောင်းဆုံး ခြေစွမ်းထုတ်မပြနိုင်ခဲ့ဘဲ လယ်ယာ/ထွက်ကုန်အသင်းမှာ ပြီးခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့၍ ယခုပြိုင်ပွဲတွင် ရလဒ်ကောင်းရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။

အမာခံ ကစားသမားများဖြစ်သည့် နောက်ခံလူဟန်ဝင်းအောင်နှင့် တိုက်စစ်မှူး ထွန်းမင်းဦးတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်၍ ကမ္ဘောဇအသင်းမှာ ပွဲအစပိုင်းတွင် ကစားကွက်ပျက်နေပြီး လယ်ယာ/ထွက်ကုန် အသင်း၏ ဖိကစား ခြင်းကို ခံနေရသည်။ ၁၅မိနစ်ကျော်မှ ကမ္ဘောဇအသင်း ကစားကွက်ပြန်မိလာပြီး လယ်ယာ/ထွက်ကုန်ဘက်သို့ထိုး ဖောက်ကစားလာနိုင်သည်။ သို့သော် လယ်ယာ/ထွက်ကုန် နောက်တန်းက မလွတ်တမ်း ဖျက်ထုတ်နေ၍ ကမ္ဘောဇအသင်း အခွင့်မသာခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်း အနိုင်ဂိုးရရှိရေး တိုက်စစ်အား မြှင့်တင်လာခဲ့သည်။ ကမ္ဘောဇအသင်းမှာ ဘယ်တောင်ပံ၊ ညာတောင်ပံ၊ အလယ်ကြောမှ ထိုးဖောက် တိုက်စစ်ဆင်ရာ လယ်ယာ/ထွက်ကုန်အသင်း ဆက်တိုက် ကာကွယ်ဖျက်ထုတ်နေရသည်။ လယ်ယာ/ထွက်ကုန်အသင်း ဂိုးမပေးရရေး ကာကွယ်နေသည့်ကြားမှ မိနစ် ၂၀တွင် ရာဇာစိုးနှင့် ဉာဏ်လွင်တို့ အပေးအယူလုပ်ပြီး ရာဇာစိုးက ကမ္ဘောဇအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူသွားသည်။ ထို့နောက်ပိုင်းတွင် ကမ္ဘောဇက ဂိုးထပ်မံမသွင်းနိုင်သလို လယ်ယာ/ထွက်ကုန်ကလည်း ချေပဂိုး မသွင်းယူနိုင်၍ ကမ္ဘောဇ၏ တစ်ဂိုး–ဂိုးမရှိ အနိုင်ရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ကမ္ဘောဇအသင်းသည် ကွာတားဖိုင်နယ်၌ မြို့တော်စည်ပင်အသင်းနှင့် ဧပြီ ၅ရက်တွင် ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

တပ်မတော်ကြည်း(က) နှင့် ဆောက်လုပ်ရေး

(ကြေးမုံ)

ကမ္ဘောဇမှ ရာဇာစိုး လယ်ယာ/ထွက်ကုန် နောက်ခံလူ နှစ်ဦးကြားမှ ထိုးဖောက်ကစားစဉ်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မတ် ၂၅ရက်က မော်လမြိုင်မြို့နေ ဒေါက်တာဦးမျိုးဆွေကြည် – ဒေါက်တာဒေါ်တင်တင်လှိုင်မိသားစုက ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၂၅၇)

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ (၅၆) သင်္ကြန်အကြိုဓမ္မပူဇာတရားပွဲ

ရန်ကုန် မတ် ၃၁

စမ်းချောင်းမြို့နယ် မြေနီကုန်း ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ (၅၆)၏ သင်္ကြန်အကြို ဓမ္မပူဇာတရားပွဲကို ဧပြီ ၃ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားတော်များကို ဒဂုံမြို့သစ် (တောင်ပိုင်း) ၂၂ရပ်ကွက် ရတနာပုံ ရွှေကျင်ကျောင်းတိုက်မှ သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်သာဂရ (ရေစကြို)က ဟောကြားပြသမည်ဖြစ်ရာ ညစဉ် ၇နာရီတွင် နာကြားနိုင်ကြောင်း သိရသည်။ (က–ပ)

သင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပမည်

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၈)ကြိမ်မြောက် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် Pofessional Golfers ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်းအဆင့် Handicap (သုညမှ ၁၂)ချက်အထိရှိသူများ ပြိုင်ပွဲ၊ အသင်းလိုက်ရွှေအဆင့်ပြိုင်ပွဲ၊ အသင်းလိုက်ငွေအဆင့်ပြိုင်ပွဲ၊ အသင်းလိုက်ကြေးအဆင့်ပြိုင်ပွဲ၊ အမျိုးသားအပျော်တမ်းတစ်ဦးချင်း ရွှေအဆင့်ပြိုင်ပွဲ၊ ငွေအဆင့်ပြိုင်ပွဲနှင့် ကြေးအဆင့်ပြိုင်ပွဲ၊ (သုညမှ ၁၈)ချက်အထိ ရှိသူများ ပြင်ဦးလွင်ဖလားပြိုင်ပွဲ၊ အမျိုးသား သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Professional Golfers ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်းအဆင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ကျန်ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲမစတင်မီ နောက်ဆုံးထား၍လည်းကောင်း ပြင်ဦးလွင် ဂေါက်ကလပ်ပြိုင်ပွဲ ကျင်းပရေးရုံးခန်း၌ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း–၀၈၅–၂၂၃၈၂၊ ၀၉–၂၀၄၄၀၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(၄၈)ကြိမ်မြောက် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် ပြင်ဦးလွင်ဂေါက်ကလပ်နှင့် Han Event Managemennt တို့က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊ ထန်းတပင်လမ်း၊ ဇမ္ဗူထိပ် မဟာအတုလကျောင်းတိုက်ကြီးတွင် သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၇ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ကျောင်းတိုက်ကြီး၏ ပဓာနနာယကဘဒ္ဒန္တဝိသာဒ (သာသနဓဇ ဓမ္မာစရိယ ပါဠိဂုဏ်ထူး) အရှင်သူမြတ်က ဟောပြောပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ၊ ဆွမ်းဆောဇဉ်လှူဒါန်းလိုသူများ ဖုန်း–၆၂၀၅၁၈ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ပြည်သူ့ထံမှပေးစာ

လမ်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းမှူးခင်ဗျား–

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်ရှိ မြင့်မိုရ်လမ်းတစ်လျှောက်တွင် လည်းကောင်း၊ စမ်းချောင်းလမ်းနှင့် မြင့်မိုရ်လမ်းဆုံရာ လမ်းဆုံလမ်းခွနေရာများ၊ လမ်းဘေး ဝဲ၊ ယာများတွင် လည်းကောင်း ဈေးရောင်းသူများနှင့် ဆိုက်ကားများ ရပ်နားထားမှုကြောင့် ယာဉ်မျိုးစုံ ဝင်ထွက်သွားလာရေးနှင့် ရပ်ကွက် ပြည်သူများ သွားလာရေးတွင်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ပါ၍ အဆိုပါ ဈေးရောင်းသူများနှင့် ဆိုက်ကားများကို စည်းကမ်းတကျဖြစ်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မြင့်မိုရ်လမ်းသားများ

လူသွားစင်္ကြံ ပြုပြင်ပေးပါ

စာတည်းရှင့်–

ရန်ကုန်–အင်းစိန် လမ်းမကြီး လှည်းတန်းမီးပွိုင့်အနီး၊ ဦးထွန်းလင်းလမ်းထိပ်ရှိ လူသွားစင်္ကြံများ ပျက်စီးလျက်ရှိပါသည်။ ၎င်းနေရာသည် မှတ်တိုင်နေရာလည်း ဖြစ်၍ ခရီးသွားလာသူ များပြားကာ သက်ကြီးရွယ်အိုများ၊ ကလေးများ မကြာခဏ လဲကျ၍ အနာတရဖြစ်ကြရပါသည်။ ထို့ကြောင့် အဆိုပါ လူသွားစင်္ကြံကို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

လှည်းတန်းသူ

ယာဉ်စီးခ ပုံမှန်အတိုင်း ယူစေလို

စာတည်းရှင့်–

အမှတ် (၉၇) ယာဉ်လိုင်းသည် အောင်ဆန်းမှ လှည်းတန်းထိ ကျပ် ၄၀၊ မြေနီကုန်းအထိ ကျပ် ၆၀၊ ဆူးလေအထိ ကျပ် ၈၀ သတ်မှတ်ထားပါသည်။ ယာဉ်စီးခ နှုန်းထားများကိုလည်း မော်တော်ယာဉ်များပေါ် ထင်ရှားစွာ ကပ်ထားပါသည်။

သို့ပါသော်လည်း ယာဉ်နောက်လိုက်များက မည်သည့် မှတ်တိုင်သို့ ဆင်းသည်ဖြစ်စေ ယာဉ်စီးခကို ပုံသေ ကျပ် ၁၀၀ တောင်းယူလျက်ရှိပါသည်။ မိုးချုပ်လျှင် ကျပ် ၁၅၀ အထိပင် ပေးကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှတ် (၉၇)ယာဉ်လိုင်းအား သတ်မှတ်နှုန်းထားနှင့်အညီ ယာဉ်စီးခ တောင်းခံရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

သဲသမွန်စက်သံ နားမခံနိုင်

စာတည်းခင်ဗျား–

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့ အနောက်ဘက်ကမ်း (၆)ရပ်ကွက် ဓမ္မာရုံကွင်းဘေးရှိ ချောင်းအတွင်း သဲသမွန်ထဲမှ သဲများကို သဲစုပ်စက်ကြီးများ သုံး၍ နေ့ရောညပါ စုပ်တင်လျက်ရှိရာ ဆူညံလျက်ရှိပါသည်။ ထိုဆူညံသံများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ကုန်ဈေးနှုန်း မြင့်တက်လာမှု ထိန်းသိမ်းကြပ်မတ်ပေးပါ

စာတည်းခင်ဗျား–

ကျွန်တော်သည် အင်းစိန်မြို့နယ်တွင်နေထိုင်သော ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ နိုင်ငံတော်က ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်တစိုက် အလေးထား ကာကွယ်စောင့်ရှောက်လျက်ရှိသည်နှင့်အညီ ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရေးအတွက် ၂၀၀၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ကာ လစာနှင့် လုပ်ခများကို ထိုက်ထိုက်တန်တန် တိုးမြှင့်ပေးလိုက်၍ ကျွန်တော်တို့ဝန်ထမ်းများနှင့် မိသားစုအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါသည်။

ထိုကဲ့သို့ လစာတိုးမြှင့်မှုအပေါ် အခွင့်ကောင်းယူ၍ ကျွန်တော်တို့နေထိုင်ရာ အင်းစိန်မြို့နယ်ရှိ ဈေးဆိုင်များတွင် အခြေခံစားသောက်ကုန်များအပါအဝင် ကုန်ဈေးနှုန်းများ မြင့်တက်လာနေပါသည်။ သို့ဖြစ်၍ ဝန်ထမ်းများအပါအဝင် ပြည်သူများအားလုံး သက်သာချောင်ချိစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ကုန်ဈေးနှုန်းမြင့်တက်လာမှုကို သက်ဆိုင်ရာမှ ထိထိရောက်ရောက် ထိန်းသိမ်းကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဝန်ထမ်းတစ်ဦး

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

စင်တင်တေးဂီတကြောင့် အိပ်ရေးပျက်

စာတည်းရှင့်–

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၇) ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး စွမ်းအင်မှတ်တိုင်နှင့် ကုန်ပဒေသာ မှတ်တိုင်ကြားရှိ စားသောက်ဆိုင်တွင် စင်တင်တေးဂီတကို အသံလုံခန်းမရှိဘဲ အသံချဲ့စက်နှင့်တွဲ၍ ညစဉ် တီးမှုတ်အော်ဟစ် သီဆိုလျက်ရှိပါသည်။

ပတ်ဝန်းကျင်နေပြည်သူများ ကောင်းစွာ အိပ်မရပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာသူ

တရားမဝင်လောင်စာဆီ ရောင်းဝယ်မှု အရေးယူပေးသင့်

စာတည်းခင်ဗျား–

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့၊ အမှတ် (၂) နယ်မြေ ဝက်လက်–လှတော ကားလမ်းထွက်ဘေး ဝဲ/ယာတွင် တရားမဝင် လောင်စာဆီများ သိုလှောင်ထားရှိ ရောင်းဝယ်လျက်ရှိပါသည်။

ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ကင်းဝေစေရေးအတွက် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဝက်လက်သား

သားသတ်လုပ်ငန်း ဖယ်ရှားဆောင်ရွက်ပြီးစီး

၁၄–၁–၂၀၀၆ ရက်ထုတ် ကြေးမုံသတင်းစာပါ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ပန်းရိုက်လမ်းရှိ "သားသတ်လုပ်ငန်း ဖယ်ရှားပေးပါ" ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်တာနက်သတင်း

အီရန်နိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ် ၆၆ ဦးထက်မနည်းသေဆုံး

တီဟီရန် မတ် ၃၁

အီရန်နိုင်ငံ အနောက်ပိုင်းတွင် သောကြာနေ့ အစောပိုင်းက အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခဲ့ရာ ၆၆ ဦးထက်မနည်း သေဆုံးပြီး လူပေါင်း ၁၂၀၀ခန့် ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တီဟီရန် တက္ကသိုလ်ရှိ ဘူမိ-ရူပဗေဒဌာနက ပြောကြားရာတွင် သောကြာနေ့ အစောပိုင်းက မြေငလျင်တုန်ခါမှု ၁၃ ကြိမ်ထက်မနည်း တိုင်းတာသိရှိရသည်ဟု ဖော်ပြသည်။

သောကြာနေ့ နံနက် ၅ နာရီမထိုးမီ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ ရှိ မြေငလျင်လှုပ်ခဲ့ပြီးနောက် ၁၅မိနစ်အကြာတွင် အင်အား ၄ဒသမ ၇ ရှိ နောက်ဆက်တွဲ မြေငလျင်လှုပ်ခဲ့ကြောင်း၊ တီဟီရန်မြို့ အနောက်တောင်ဘက် မိုင် ၂၁၀ အကွာ စက်မှုလုပ်ငန်းမြို့နှစ်မြို့ဖြစ်သော ဘော်ရူဂျတ်မြို့နှင့် ဒေါ်ရတ်မြို့ အနီးတွင် ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒ လေ့လာရေးဌာနက ပြောကြားသည်။ အင်တာနက်။

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်း ဆောင်ရွက်လျက်ရှိသော သန့်ရှင်းသာယာရေး၊ လမ်းများအဆင့်မြှင့် ခင်းကျင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် လမ်းများ အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းသို့ ရောက်ရှိလာပြီး ဦးချစ်မောင်လမ်းအား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ဒဂုံမြို့နယ် ဦးထောင်ဘိုလမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌ ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကျင်းပရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် မတ် ၃၁

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

ကြည့်ရှုလေ့လာ

ပြပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၌ မင်းခေါင်ရွှေဂူစေတီ မုခ်တံကဲ (မြောက်ဦးမြို့) သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၆-၁၆၃၈) မုခ်ဦးပုံစံ၊ မင်းကြောင်းချောင်းတံတား၊ ဝန်ဖိုက်တံတား၊ သဇင်တန်ပေါက်တံတား၊ သံသမချေတံတား၊ သံသမကြီးတံတား၊ ဒီးဒုတ်ပေါက်တံတား၊ လုံးတော်ပေါက်တံတား၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❋

ကြေးမုံ The Mirror အင်တာနက်သတင်း

အိပ်ချ်ဒီ ဒီဗွီဒီဖွင့်စက် တိုရှီဘာက ဈေးကွက်တင်ပြီ ကမ္ဘာ့စံချိန်စံညွှန်းသစ်နှင့်အညီ တီထွင်ထုတ်လုပ်ထား

တိုကျို မတ် ၃၁

ကမ္ဘာ့ပထမဆုံးသော အိပ်ချ်ဒီ ဒီဗွီဒီ (HD DVD) ဖွင့်စက်သစ်ကို ဂျပန်နိုင်ငံရှိ တိုရှီဘာကော်ပိုရေးရှင်းက မတ် ၃၁ ရက်တွင် ဈေးကွက်တင်ရောင်းချပြီဖြစ်ကြောင်း ဂျပန်စီးပွားရေး နယူးစ်ဝိုင်ယာအမည်ရှိ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံတွင် ကမ္ဘာ့စံချိန်စံညွှန်းသစ်များနှင့်အညီ ဒီဗွီဒီဖွင့်စက်အမျိုးအစားသစ်များကို ထုတ်လုပ်နိုင်ရန် ထိပ်တန်းကော်ပိုရေးရှင်းကြီးများက ကြိုးပမ်းလျက်ရှိကြချိန်တွင် တိုရှီဘာကော်ပိုရေးရှင်းက ဆိုနီကော်ပိုရေးရှင်းထက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

မတ် ၃၁ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တိုရှီဘာ ကော်ပိုရေးရှင်းက HD DVD ဖွင့်စက်သစ်ကို ဈေးကွက်တင်သည့် အထိမ်းအမှတ် အခမ်းအနား၌ စံပြမယ်တစ်ဦးက စက်သစ်ကိုပြသနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)